ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ နတ်တော်လဖြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (16-12-2003) (၄၀၀၆)

ကာလေန ဓမ္မသာကစ္ဆာ
တေ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဥပုသ်နေ့ဆိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသီပေး နှုံးဆော်အပ်ပါသည်။

မြန်မာ့လူနေမှုဘဝနှင့် ကိုက်ညီသည့် လူနေမှုစနစ်ကို တည်ဆောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်ပေသည်။ ယင်းသို့ ဂုဏ်ရောင်ထွန်းပြောင်ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့ရခြင်းမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး လူမှုရေးကျင့်ဝတ်နိုင်မြဲအောင် အားထုတ်နိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။ မြန်မာလူ့အဖွဲ့အစည်းသည် နောင်လာနောက်သားများအား ကိုယ်နှုတ်နလုံး စောင့်ထိန်းပြီး မျိုးရိုးဓာတိ၊ လူမှုရေးကျင့်ဝတ်နှင့် မိသားစုတန်ဖိုးကို မြတ်နိုးရန် လက်ဆင့်ကမ်း သင်ကြားပေးမြဲဖြစ်ပေသည်။ မျိုးဆက်သစ် လူငယ်များအနေဖြင့် ကောင်းသောအမွေခံ ပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး မြန်မာ့လူနေမှုဘဝနှင့် ကိုက်ညီသည့် လူနေမှုစနစ်ကို တည်ဆောက်နိုင်စွမ်းရှိကြရမည် ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် မွန်မြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့များကို ဘာသာရပ်တစ်ခုပြီးတစ်ခု တိုးမြှင့်သင်ကြား ၂၀၀၃ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းထိ သင်တန်းအသီးသီးက မွေးထုတ်လိုက်သည့် ပါရဂူဘွဲ့ရ ၃၃၁၃ဦး ပေါ်ထွန်းလာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး ကျွမ်းကျင်ရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၅

ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်ဖြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုသည့်အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ – အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဖွဲ့ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျမ်းကြီးကြပ်သည့် ဆရာ ဆရာမများ၊ ဂုဏ်ပြုခံ ပါရဂူဘွဲ့ရ ကျောင်းသားကျောင်းသူများ၊ ယခင် ပါရဂူဘွဲ့ ရရှိပြီးသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာတွင် မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်နိုင်မှု စွမ်းပကားသာလျှင် ပဓာနဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသော၊ ထက်မြက်သောအသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုထောင်မွေးထုတ်ပေးနိုင်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခုလိုအခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံတက္ကသိုလ် အသီးသီးကနေပြီး ပြုစုပျိုထောင် မွေးထုတ်ပေးလိုက်သည့် ပါရဂူဘွဲ့ရ ပညာရှင်များ အင်နှင့် အားနှင့် စဉ်ဆက်မပြတ် ပေါ်ထွန်းနေခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်ထက်မြက်မြက် စွမ်းဆောင်ပေးနိုင်မည် အမျိုးသားရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့်အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ရသူ တစ်ဦးအား ဂုဏ်ပြုဆုရှိမြင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ၌စည်းဝိုင်းခြင်္ဂါပယင်း ပေါ်ပေါက်ရေးယည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၁၂–၂၀၀၃
(အင်္ဂါနေ့)

နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေး
တစ်မျိုးသားလုံး စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသည့် နိုင်ငံတော်ဖြစ်သည်။ ယနေ့အချိန်အခါသည် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အရိုန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်နေသော ကာလဖြစ်သည်။

ထိုသို့သော အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများကို တိုင်းရင်းသား ပြည်သူတိုင်းက ဝိုင်းဝန်းထိန်းသိမ်းမြင့်တင်ကြရမည်ဖြစ်သည်။ အရိုန်အဟုန်ရလျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးတဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် အချိန်အခါဖြစ်သည်။

မိမိခိုင်းတော်၊ မိမိလူမျိုး၏ အနာဂတ်ထွန်းလင်းတောက်ပြောင်စေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အနှန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်လိုအပ်သည်။ ဘုံဘွား အမွေအနှစ် စစ်စစ်ဖြစ်သော ပြည်ထောင်စုကြီး ထာဝရ ခိုင်မြဲတည်တံ့နေစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ညီညီညွတ်ညွတ် လက်တွဲကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝိုက်၏အနာဂတ်ကိုမိမိနိုင်ငံ၏ အတိတ်သမိုင်းကြောင်းပေါ်တွင် အခြေတည်ပြီး မိမိလူမျိုး၏ အမျိုးသားရေး နှုန်းစံများနှင့်အညီ တည်ဆောက်နိုင်မှသာ အခွန့်ရှည်တည်တံ့ ခိုင်မြဲနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း၌ တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံအား ကျူကျော်သူနယ်ချဲ့များကို ခုခံတိုက်ခိုက်ရာတွင် တညီတညွတ်တည်း လက်တွဲပါဝင်ဆောင်ရွက်ခဲ့ကြသည့်အစဉ်အလာရှိသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရာတွင်အသက်သွေး သွေးဖြင့် ရင်နှီးဆောင်ရွက်ခဲ့သော အတိတ်သမိုင်းရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အတိတ်သမိုင်းသင်ခန်းစာများကို ရယူပြီး အနာဂတ်နိုင်ငံတော် တောက်ပြောင်ဝင့်ကြွား နိုင်စေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစား ပေးအကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အမျိုးသားလမ်းကြောင်းမှန်ကို အဓိကထား လျှောက်လှမ်းလျက်ရှိခြင်းဖြစ်သည်။

ယနေ့အချိန်အခါသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကိုယ်နိုင်ငံတော်ကို ကိုယ်တည်ဆောက်နိုင်သည့် ကာလသို့ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများ အပါအဝင် ဒေသအားလုံး အကြား အလယ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က စီမံဖြည်ဆည်းပေးလျက်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆည်မြောင်း တာတမံများ၊ လမ်းများ၊ တံတားများ၊ ဆက်သွယ်ရေးနှင့် စွမ်အင်ကဏ္ဍများပါ ဖွဖြိုးတိုးတက်ကောင်းမွန်လာစေရန် တည်ဆောက်ဖြည်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်က ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ယင်းသို့ဖြည့်ဆည်းအကောင်အထည်ဖော်ရာတွင် အရင်းအနှီး အကန့်အသတ်၊ စက်ကိရိယာအကန့်အသတ်၊ အချိန်ကာလအကန့်အသတ် များကို နည်းမျိုးစုံဖြင့် ကျော်လွှားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကို အမျိုးသားရေဦး တည်ချက်များနှင့်အညီ ဖြစ်ထွန်း လာစေရန် တည်ငြိမ်ခိုင်မာစွာ တည်ဆောက် နိုင်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် အခိုင်အမာ တည်ဆောက်ထားရန် အထူးလိုအပ်သည်။ ပြည်သူများ၏ စုစည်းညီညွတ်မှု ပေါင်းစည်းအားမာန်အပြင် နိုင်ငံတော် တည်ဆောက်ရေးဌာပါဝင်ကြီးပမ်းကြမည် လူ့စွမ်းအား အရင်းအမြစ်များ၏ အရည်အသွေးများလည်း ထက်မြက်နေရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရိုန်အဟုန်ဖြင့် ကြိုးပမ်း စွမ်းဆောင်လျက်ရှိရာတွင် တိုင်းရင်းသား ပြည်သူအားလုံးကလည်း ဒေသအလိုက်၊ ကဏ္ဍအလိုက် မိမိတို့ဆောင်ရွက်ကြ ရမည် လုပ်ငန်းတာဝန်များကို ခွဲလုံ့လဖြင့် ဖိဖိစီစီ၊ စီးပါဝင်အား ထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဘုံဘွား အမွေအနှစ်လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းကာကွယ်ရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ညီညွတ်သောစွမ်းအား ဖြင့် ကြိုးပမ်း တည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးဗုဒ္ဓိနံရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့် စည်းရုံးရေးသင်တန်း အမှတ်စဉ်(၃/၂၀၀၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်စာစားချိန်တွင် ရန်ကုန်တိုင်း ဒေါ်ဘီဗြို့နယ် ညောင်ဦးနှစ်ပင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ဦးကျင်းပရာမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူးဗိုလ်မှူးဌာနချုပ် ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့်စည်းရုံးရေးသင်တန်း(၃/၂၀၀၃) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြား စဉ်း

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဝင်များ၊ ခရိုင်နှင့်မြို့နယ်စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တက်ရောက်ကြသည်။

အခမ်းအနား၌ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်မှူးချုပ် သူရမြင့်မောင်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းထားရှိမှု ရည်ရွယ်ချက်၊ လုပ်ငန်းခွင်ဝင်ရောက်ရေးလုပ်ငန်းစဉ် ခုနစ်ရပ်နှင့်မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့်ဖွဲ့စည်းရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ လူမှုရေးနှင့် သက်သာချောင်ချိမှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သည်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သင်တန်းသားအိပ်ဆောင်၊ သင်တန်းစာဖိုဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်မြင့်စည်းရုံးရေးသင်တန်းအဖွဲ့ အမှတ်စဉ် (၃/၂၀၀၃) သင်တန်းဖွင့်ပွဲ မှာကို မန္တလေးမြို့ ရေတွန့်ခွန်တောင်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း သင်တန်းကျောင်း(မန္တလေး)နှင့်မကွေးမြို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ရေးကျင့်ရေးသင်တန်းကျောင်း (မကွေး)တို့၌ သင်တန်းသား ၅၀စီတိုးဖြင့် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ မန္တလေးသို့ ကျင်းပသော သင်တန်းသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့ တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်း တက်ရောက်၍လည်းကောင်း၊ မကွေးသို့ကျင်းပသောသင်တန်းသို့ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးတရားရုံးချုပ်တရားသူကြီး ဖွဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးအောင် တက်ရောက်၍လည်းကောင်း အမှာစကား အသီးသီးပြောကြားပြီး သင်တန်းများ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

မလေးရှားတပ်မတော်လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ဖြို့တွင်းလှည့်လည်လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်ဖြို့တွင်ဧလေ့လာရေးခရီးရောက်ရှိနေသော မလေးရှား တပ်မတော် Policy Division မှ Under Secretary Dr. Hj Ismail Bin Hj Ahmad ခေါင်းဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒုဗိုလ်မှူးကြီး(ရေ) စိုးသိန်း ဌာနချုပ်သို့သွားရောက်ကြရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) စိုးသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဧည့်ခန်းမ၌ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) စိုးသိန်းက ဧည့်သည်တော်မှတ်တမ်းတင်ခြင်းပြုပြီးနောက် ဒုဗိုလ်မှူးကြီး(ရေ) စိုးသိန်းက ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အကြောင်းကို ဗီဒီယိုဖြင့်ဦးပြသရှင်းလင်းပြောကြားသည်။

ထို့နောက် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် မလေးရှား တပ်မတော်လေ့လာရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မလေးရှား တပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် သင်တန်းခန်းမဆောင်များ၌ သင်တန်းပို့ချနေကြသည်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် မလေးရှား တပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေတိဂုံဘုရား လမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွား ရောက်ကြည့်ရှု လေ့လာကြရာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ပြတိုက်အတွင်းရှိ ပြခန်းများကို လိုက်လံပြသ ရှင်းလင်းကြသည်။

ဆက်လက်၍မလေးရှား တပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ အမျိုးသားပြတိုက်မှတာဝန်ရှိသူများက သိဟာသနပလ္လင်ပြခန်း၊ ရတနာပုံ ခေတ်ပြခန်းနှင့်ခေတ်ဆန်းခေတ်သစ်ဆိုင်ရာ ပြခန်းတို့၌ ခင်းကျင်းပြသထား သည်များကို လှည့်လည်ရှင်းလင်းပြသကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မလေးရှား တပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ရှင်းလင်းပြသ

မလေးရှား တပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွား ရောက်ကြည့်ရှုကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်
* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အီရတ်သို့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောကြား

စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံသို့ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအား စေလွှတ်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ဒီဇင်ဘာ ၁၅ ရက်တွင်ထုတ်ဝေသည့် အပတ်စဉ်ထုတ် ဂျာမန်သတင်းဂျာနယ် ဒီစပီးဂဲလ်၏ လူတွေ့မေးမြန်းချက်တစ်ရပ်တွင် ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ကြီးတင်လက်ဦးမှုရယူကာ စစ်ရေးအရ တိုက်ခိုက်ရေးဟူသည့် အမေရိကန်အစိုးရ၏ စစ်မဟာဗျူဟာနှင့် ပတ်သက်၍လည်း ယင်းလူတွေ့ မေးမြန်းခန်းတွင် ဝေဖန်ပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံသည် ကြိုတင်လက်ဦးမှုရယူရေး မဟာဗျူဟာအရ အီရတ်နိုင်ငံကို ပြုံးခဲ့သည့်မတ်လက စစ်ဆင်နွဲတိုက်ခိုက်ခဲ့ကြောင်း၊ အမေရိကန်က အဆိုပါ မဟာဗျူဟာကျင့်သုံးသည်မျိုးကို အခြားနိုင်ငံများက အတုခိုးလုပ်ဆောင်မည်ဆိုပါက "တောနက်ကြီး ဥပဒေ" သည် ကမ္ဘာကြီးကို လွှမ်းမိုးသွားမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ကြိုတင်လက်ဦးမှု ရယူတိုက်ခိုက်ရေး ဗျူဟာသည် တရားမျှတမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥပဒေ လက်လွတ်ကြီးနိုင်ငယ်ညှဉ်း တစ်ဖက်သတ် အင်အား အသုံးပြုမှုအစဉ်အလာကို မျိုးစေ့ချ ပေးသလို ဖြစ်လိမ့်မည်ဟု အာနန်က လူတွေ့မေးမြန်းခန်းတွင် ထောက်ပြပြောဆိုခဲ့သည်။

ဒီဇင်ဘာ ၁၃ ရက်က မြို့တော် ဘဂ္ဂဒက်တွင် ညီလာခံ ခန်းမဆောင်အပြင် ဘက်၌ လုံခြုံရေးစောင့်ကြပ် နေသော အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦး ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၁၃ ရက်က အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့ရှိ မြိတီသူ ကြည်းတပ် ဌာနချုပ်ရုံး အဆောက်အအုံရှေ့တွင် ဆန္ဒ ပြပွဲတစ်ရပ်ပြုလုပ်ရာ ဆန္ဒပြ သမားများက လုံခြုံရေး အတား အဆီးများကို ဖီးရှိ နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခြေအတင်

ဒီဇင်ဘာ ၁၃ရက်က မြို့တော်ဘဂ္ဂဒက်တွင် ဒေသခံ လူငယ်လေးတစ်ဦးနှင့် အချေအတင် အငြင်းပွားနေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှာဖွေစစ်ဆေး

မြို့တော်ဘဂ္ဂဒက်ရှိ တိရစ္ဆာန်ဥယျာဉ်ဝင်း အတွင်း ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရန်ရောက်ရှိနေ သည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ဒီဇင်ဘာ ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆီးကြို

အီရတ်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့များကို ခုခံတိုက်ခိုက်မှု များ ပြုလုပ်ရန် အီရတ်နိုင်ငံ အတွင်းသို့ ဝင်ရောက်လာခဲ့ ပြီးနောက် အမေရိကန် တပ်ဖွဲ့၏ ဖမ်းဆီးခြင်း ခံရ ကာ မကြာသေးမီက ပြန်လည်လွှတ်ပေးခြင်း ခံရ သည့် လက်ဘန္ဓန် လူငယ် တစ်ဦး မြို့တော် ဘေရွတ် လေဆိပ်သို့ ဒီဇင်ဘာ ၁၃ရက် က ပြန်လည်ရောက်ရှိလာရာ တွင် မိခင်ဖြစ်သူက နှစ်သိမ့် အား ပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ လေ့ကျင့်မှုမရှိ ချို့ယွင်းမှုရှိနေကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးပြောဆို

ဘာလင် ဒီဇင်ဘာ ၁၄

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် လက်ရှိအီရတ်နိုင်ငံရှိ မစ်ရှင်အဖွဲ့အတွက် ပြင်ဆင်ထားမှုများသည် ချို့ယွင်းမှုများရှိနေကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာ လမ်းတစ်လျှောက်တွင် အီရတ်နိုင်ငံအား ကူညီပံ့ပိုးရာတွင် နိုင်ငံတည်ဆောက်ရေးလေ့ကျင့်သင်တန်းပေးမှုများ လိုအပ်နေလျက်ရှိကြောင်းဖြင့် ဂျာမနီကာကွယ်ရေးဝန်ကြီး ပီတာစထရပ်က စနေနေ့က ပြောကြား လိုက်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ဆလှမ်းမှုများလည်းမရှိ၊ ဒီမိုကရေစီရရှိရေးအတွက် လည်း ပြင်ဆင်ထားမှု လုလုဆလွန်ကလောက် မရှိကြောင်းဖြင့် ပီတာစထရပ်က သတင်းစာတစ်ဆောင်နှင့် တွေ့ဆုံဆွေးမြေနှံခန်းတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အထူးဆေ့ကျင့်သင်တန်း

အာဖဂန်နစ္စတန်နိုင်ငံသို့ ဂျာမနီကစေလွှတ်သည့် တည်ငြိမ်မှု ထိန်းသိမ်းရေးတပ်ဖွဲ့ မစ်ရှင်အနေဖြင့် အထူးဆေ့ကျင့်သင်တန်းများ ရရှိခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာ လုံခြုံရေးအကူအညီဆေးရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၅၇၀၀ ရှိ တပ်တွင် ဂျာမန်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ရှိနေကြောင်း ၎င်းကပြောကြားသည်။

၎င်းက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အီရတ်စစ်ဖွဲ့ ဆန့်ကျင်သည် နိုင်ငံများအား ကန့်ထရိုက်လုပ်ငန်းများ ရရှိစေရန် တားဆီးသည့် အမေရိကန်ဆုံးဖြတ်ကိုလည်း ဝေဖန်ပြောကြားသည်။ **အမ်အင်အေ၊ ရွိုက်တာ။**

ဘီရတ်ရဲစခန်းကို ကားဗုံးဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံ ခါလ်ဒီရာဖြို့ ရဲစခန်းတွင် ဒီဇင်ဘာ ၁၄ ရက်က ကားဗုံးဓါတ်ကွဲမှုဖြစ်ပွားရာ ၁၇ဦးထက်မနည်း သေဆုံးပြီး ၃၃ဦးခန့် ဒဏ်ရာရရှိကြောင်း ဒေသခံရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် ခါလ်ဒီရာဖြို့သည် ဘဂ္ဂဒက်ဖြို့မှ ၃၅ မိုင်အကွာတွင်ရှိသည်။ ဒဏ်ရာရရှိသူများကို အနီးအနာရှိ ရာမဒီဖြို့ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ခါလ်ဒီရာဖြို့သည် ဆွန်နီကြိုးဒေသ၏ မြောက်ဘက်၊ ဘဂ္ဂဒက်ဖြို့ တော်အနောက်ဘက်တွင်တည်ရှိပြီး အီရတ်သမ္မတဆက်ခံမယ့်ူ စိန်ကို ဆာဒမ်ဟူစိန်ကို ထောက်ခံသူများ၏ ခြေကုပ်စခန်းဟုလည်း လူသိများသည်။

ပြီးခဲ့သော နိုဝင်ဘာလက ဆွန်နီတြိဂံဒေသတွင်ရှိသော ခန်ဘာနီဆတ်ဖြို့နှင့် ဘာဂူဘာတို့ဖြို့ရှိ ရဲစခန်းများ၌ ကားဗုံးဖောက်ခဲ့မှုများ ဖြစ်ပွားခဲ့ရာ ၁၈ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ **အင်တာနက်။**



ဒီဇင်ဘာ ၁၃ ရက်က အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့်အနေဖြင့် တိုက်ဖြို့ ဖြူ၊ တွင်စစ်ဆန့်ကျင်ရေးဆန္ဒပြုပွဲကျင်းပရာ "ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်သို့ မလွှတ်နှင့်" ဟူသော စာတန်းထိုးကိုင်ဆောင်ကာ ဂျပန်ကဆေးယော်တစ်ဦး ဆန္ဒပြနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သမ္မတဘုရှ်၏ ဘဂ္ဂဒက်ခရီးစဉ် ရုတ်စရာကောင်းပြီး ရယ်စရာဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များ၏စိတ်ဓာတ် မြင့်တက်နိုင်လိမ့်မည်ဟု မယူဆ

ပါရှင်တန် ဒီဇင်ဘာ ၁၅

အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ဖွဲ့နှင့်ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ ကမ္ဘာနိုင်ငံအသီးသီးမှ ဆက်လက်ပေးပို့လျက်ရှိကြရာ ပြင်သစ်နိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦး ရေးသားပေးပို့လိုက်သည်မှာ အမေရိကန်သမ္မတ ဘုရှ်၏ အီရတ်နိုင်ငံ ဘဂ္ဂဒက်ခရီးစဉ်သည် ရုက်စရာကောင်းပြီး ရယ်စရာသာဖြစ်ကြောင်း၊ ညဘက်တွင် လျှို့ဝှက်ပြီး တိတ်တဆိတ် သွားရောက်ခဲ့ရသည် ဘုရှ်၏ နစ်နာရှိခဲ့ကြာ ခရီးစဉ်အတောအတွင်း အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ မြင့်တက်လာအောင် မည်သို့မျှဆောင်ရွက်ပေးနိုင်စွမ်းရှိလိမ့်မည်ဟု မိမိမယူဆကြောင်း။

ဝရမ်းပြေးနှင့်တူ

အမေရိကန်က အနိုင်ယူသိမ်းပိုက်ထား သည်နိုင်ငံကို အမေရိကန်သမ္မတကိုယ်တိုင် ပုန်းလျှိုးကွယ်လျှိုးသွား ရသည်ဆိုခြင်းမှာ စစ်ပွဲကို အနိုင်ရထား သည်နိုင်ငံက သမ္မတတစ်ဦးအနေဖြင့် ရုက်စရာပင်ဖြစ်ကြောင်း၊ ဧကော်သစ်သမိုင်းတွင် ဝရမ်းပြေးတစ်ဦးနှင့်ပင်တူနေကြောင်း ရေးသားဖော်ပြထား သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ **စီအင်န်အင်န်။**

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၅၂ ဦးရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄

အီရတ်စစ်ပွဲစတင်ချိန်မှ ဒီဇင်ဘာ ၁၂ ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၄၅၂ ဦး သေဆုံးခဲ့ရာ ယင်းအနက် ၃၁၁ဦးမှာ တိုက်ပွဲများတွင် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၄၁ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအထောအတွင်း ဗြိတိန်တပ်ဖွဲ့ဝင် ၅၂ဦး၊ အီတလီတပ်ဖွဲ့ဝင် ၁၇ဦး၊ စပိန်တပ်ဖွဲ့ဝင် ရုစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်း နှင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးစီတို့လည်း သေဆုံးခဲ့သည်။

ဒဏ်ရာရမှု

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်ဝိုက်ခိုက်မှုများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျောဂျ်ဒဗလျူ ဘုရှ်က မေ ၁ ရက်တွင် ကြေညာခဲ့ချိန်နေ့ကပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၁၄ဦး သေဆုံးခဲ့ရာ ၁၉၆ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၁၈ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ကိုနှိုင်းယှဉ်ကြည့်ရာ အရေ သိရသည်။ အီရတ်စစ်ပွဲ စတင်ခဲ့ချိန်ကတည်းက တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၂၁ဦး၊ ဒဏ်ရာရရှိပြီး အခြားအကြောင်းများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၆၀ဦး၊ ဒဏ်ရာရရှိခဲ့သည်။ **အင်တာနက်။**

အီရတ်ကန်ထရိုက်ပိတ်ပင်မှု နိုင်ငံရေးအရ ဆိုးကျိုးဖြစ်နိုင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အမေရိကန်ကို သတိပေး

မော်စကို ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး ကန်ထရိုက်လုပ်ငန်းများအတွက် လေလဲဆဲရာတွင် အမေရိကန် ဦးဆောင်သည့် အဃေါင်းပါနိုင်ငံများ မဟုတ်သည့် နိုင်ငံများအား ပိတ်ပင်တားဖြစ်ရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လျှင် နိုင်ငံရေးအရ ဆိုးရွားသည့် အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့ ရမည်ဖြစ်ကြောင်း ရုရှား နိုင်ငံက အမေရိကန်ပြည်ထောင်စုကို သတိပေးလိုက်သည်။

အမေရိကန်ဒုတိယ ကာကွယ်ရေးဝန်ကြီး ပေါလ်ဝုလ်ဖိုဝစ်၏ အဂါနေ့က ကြေညာမှုသည် အီရတ်နိုင်ငံ၌ တရားမျှတပြီး ရေရှည်တည်မြဲမည် ဖြေရှင်းချက်ရရှိရေးအတွက် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်၏ ဆန္ဒကို မေးခွန်းထုတ်စရာဖြစ်စေကြောင်း၊ ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဗီဒိုဆော့ဗ်က အင်တာဖက်စ် သတင်းဌာနသို့ ပြောကြားသည်။

ပြည

နိုင်ငံရေး အနေအထား၊ အရေ ကြည့်မည်ဆိုလျှင် အမေရိကန်၏ ဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် နိုင်ငံတကာ၏ အမြင်များကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ အီရတ်နိုင်ငံနှင့် သက်ဆိုင်သည့် ကိစ္စရပ်အားလုံးကို ကိုယ်ပိုင်တစ်ဖက်သတ် ဆုံးဖြတ်ရန် ရည်မှန်းထားဆဲရှိကြောင်းကို ပြသလိုက်ခြင်း ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **အင်တာနက်။**

အိုရက်နိုင်ငံကို ကျူးကျော်ခြင်းကြောင့် အမေရိကန်အပေါ် ထောက်ခံမှုကျဆင်း

နယူးယောက် ဒီဇင်ဘာ ၁၅

အမေရိကန် ဦးဆောင်သော အပေါင်းအပါ တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် အမေရိကန်တို့အပေါ် ကမ္ဘာတစ်နိုင်းက ထောက်ခံမှုအများအပြား ကျဆင်းသွားကြောင်း ယခင် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာက ပြောကြားလိုက်သည်။

ထို့အပြင် ကမ္ဘာနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတွင် အမေရိကန်တို့အဖို့ အနိမ့်ဆုံးအဆင့်သို့ ရောက်သွားပြီး မဟာမိတ်ဖြစ်ပြီးသား နိုင်ငံအချို့၏ ထောက်ခံမှုကိုပါ ဆုံးရှုံးနေရကြောင်း၊ သမ္မတဟောင်း ဂျင်မီကာတာက ဝေဖန်ပြောကြားလိုက်သည်။ *စီအင်န်အင်န်။*

ဒီဇင်ဘာ ၁၃ ရက်က ဘဂ္ဂဒက်ဖြို့ မြောက်ဘက် တီကရစ်ဖြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပစ်ခတ်မှုဖြစ်ပွားရာ၌ သက်မကင်းခဲ့ရသူတစ်ဦးအား ဖမ်းဆီးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကန်ထရိုက်ကိစ္စ အမေရိကန် ဆုံးဖြတ်ချက် ဥရောပထိပ်သီးညီလာခံ၌ အချေအတင်ငြင်းခုံသည်အထိ ဖြစ်ရ

ဘရပ်ဆယ် ဒီဇင်ဘာ ၁၄

အီရတ်စစ်ပွဲအား ဆန့်ကျင်ခဲ့သည့် နိုင်ငံများမှ ကုမ္ပဏီများအား အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းကန်ထရိုက်များကို လေလံဆွဲခွင့် တားဖြစ်ခဲ့သည် အမေရိကန်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အချေအတင် ငြင်းခုန်မှုများသည် သောကြာနေ့က ဥရောပထိပ်သီးညီလာခံတွင် ဆွေးနွေးရသည်အထိ ကျယ်ပြန့်သွားရာ တာဝန်ရှိပုဂ္ဂိုလ်များသည် အဓိက ကြေငြာဖိုင်ရာ မဆွေးနွေးသေးဘဲ ယင်းဆုံးဖြတ်ချက်သဘောထားနှင့် ပတ်သက်၍ အမေရိကန်၏ လှုပ်ရှားဆောင်ရွက်မှုကို မေးမြန်းကြသည်။

ဓလန်တိုက်မိုက်

အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်ကြောင့် ကန်ထရိုက်လုပ်ငန်း မရရှိသည့် နိုင်ငံများက ဥရောပသမဂ္ဂ ထိပ်သီးညီလာခံတွင် အမေရိကန် ပြည်ထောင်စု၏ ဆုံးဖြတ်ချက်အား အပြင်းအထန် ဝေဖန်တိုက်ခိုက်ကြပြီး ယင်းသို့ အငြင်းပွားမှုကို ခေါင်းဆောင်များက နောက်ပိုင်းတွင် ဆွေးနွေးညှိနှိုင်းဖွယ်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြား သည်။

ယင်းအချိန်တွင် ခေါင်းဆောင်များက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စကို ထောက်ခံကြောင်း၊ ပြောကြား ထား သည့် ကြေညာချက်တစ်ရပ်ကို သဘောတူညီကြပြီး အီရတ်စစ်ပွဲနှင့် ကုန်သွယ်မှုပြဿနာများကြောင့် သဘောထား ကွဲလွဲမှုဖြစ်ခဲ့ရသည် အထူးလွန်စွဲ တံသမုဒ္ဒရာ တစ်ဖက်တစ်ချက်နိုင်ငံများ၏ ဆက်ဆံရေး အရေးကြီးမှုကို ထုတ်ဖော်ပြောကြား ခဲ့ကြသည်။

ဝိရောဓိဖြစ်နေ

ကန်ထရိုက်လုပ်ငန်းများနှင့် သက်ဆိုင်သည့် အမေရိကန်၏ ဆုံးဖြတ်ချက် သဘောထားမှာ အကျိုးပြုသည်ဟု မိမိ မထင်ကြောင်း၊ ယင်းအချက်သည် နိုင်ငံတကာ စည်းမျဉ်းနှင့် ဝိရောဓိဖြစ်နေကြောင်း စသည်ဖြင့် ဆိုဒင်ဝန်ကြီးချုပ် ဝိုရန်ပါဆင်က သတင်းထောက်များအား ပြောကြား သည်။

ဖြိတ်ညွှန်ကြီးချုပ် တိုနီဘလဲက အမေရိကန်သမ္မတ ကျောဂျ်ဘုရှ်၏ ဆုံးဖြတ်ချက်ဘက်မှ ကာကွယ်ပြောကြား သည်။ အမေရိကန်တိုက ဆွမည်သို့ပည်ပုံသွဲစွဲမည်ကို အမေရိကန်တိုက ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း၊ ယင်းဆွေများသည် အမေရိကန်၏ ဆွေများဖြစ်ကြောင်း ဘလဲက သတင်းထောက်များအား ပြော ကြား သည်။

ဂျာမနီအစိုးရက အငြင်းပွားမှုကို ဖြေရှင်းနိုင်ကြောင်း အကောင်း မြင်ဘက်မှ သောကြာနေ့က ပြောကြား လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်အစိုးရ၏ ဘတ်ဂျက်လိုငွေပြမှု ဘဏ္ဍာနှစ် ပထမနှစ်လှည့် ဒေါ်လာ ၁၁၂ ဒသမ ၅ ဘီလျံရှိ

ဝါရှင်တန် ဒီဇင်ဘာ ၁၄

အမေရိကန် အစိုးရ၏ မှန်းခြေ ရသုံးငွေစာရင်း ဘတ်ဂျက်လိုငွေပြမှု သည် အောက်တိုဘာ ၁ ရက်မှ စတင်သည့် ၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်၏ ပထမ နှစ်လတွင် အမေရိကန် ဒေါ်လာ ၁၁၂ ဒသမ ၅ ဘီလျံရှိကြောင်း ဘဏ္ဍာရေးဌာနက သောကြာနေ့တွင် ဖော်ပြလိုက်သည်။

ယမန်နှစ် ဘဏ္ဍာရေးနှစ်၏ အလားတူ ကာလထက် လိုငွေပြမှု အတန်ငယ် လျော့နည်း သက်သာသော်လည်း အိမ်ဖြူက ယင်းလိုငွေပြမှုသည် လက်ရှိ ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ဒေါ်လာ ၅၀၀ ဘီလျံကျော်အထိ ရှိနိုင်ကြောင်း ခန့်မှန်းပြောကြား ထား သည်။

အမေရိကန်အစိုးရ၏ ဝင်ငွေသည် လွန်ခဲ့သည့်နှစ်လအတွင်း စုစုပေါင်း ၂၅၄ ဘီလျံအထိသာ ရှိခဲ့ပြီး သုံးစွဲငွေမှာ ဒေါ်လာ ၃၆၆ ဒသမ ၅ ဘီလျံအထိ ရှိခဲ့သည်ကို ဖော်ပြပါ အစီရင်ခံစာက ပြသနေခြင်းဖြစ်သည်။

လွန်ခဲ့သည့်လအတွင်း အမေရိကန် ဒေါ်လာ ၆၉ ဒသမ ၅ ဘီလျံ လိုငွေပြခဲ့ပြီးနောက် အမေရိကန်အစိုးရ၏ လိုငွေပြမှုမှာ နိုဝင်ဘာလအတွင်း ဒေါ်လာ ၄၃ ဘီလျံ နီးပါးအထိ မြင့်တက်လာသည်။

၂၀၀၃ ခုနှစ် ဘဏ္ဍာရေးနှစ်က အမေရိကန်အစိုးရ၏ လိုငွေပြမှုသည် ဒေါ်လာ ၃၇၄ ဒသမ ၈ ဘီလျံအထိ ရှိခဲ့ကြောင်းဖြင့် ပြင်ဆင်ထား သောကိန်းဂဏန်းများအရ သိရှိရသည်။ ယင်းပမာဏသည် ယခင်က ခန့်မှန်းထား သည် လိုငွေပြမှု ၃၇၄ ဒသမ ၃ ဘီလျံထက် အနည်းငယ် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ကလေးငယ်များသေဆုံးမှု ကုလသမဂ္ဂ သံတမန် နှိုးဆိန်တုန်လှုပ်

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၃

အမေရိကန်ခိုင်းဆော်သည့် အပေါင်းပါတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်ကလေးငယ်များ ထပ်မံသေဆုံးခဲ့သည့် သတင်းကို ကြားသိရသည့် အတွက် မိမိ တုန်လှုပ်ချောက်ချားမိကြောင်းနှင့် ကြေကွဲဝမ်းနည်းရကြောင်း အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ လက်ဒါဘရာဟီမိက နယူးယောက်မြို့တွင် ကြာသပတေးနေ့က ပြောကြားသည်။

ယင်းဖြစ်ရပ်မျိုးက ဆိုးကျိုးကိုဖြစ်စေပြီး အာဖဂန်နစ္စတန်၌ မလုံခြုံမှုနှင့် နိုးရိမ်မှုကို တိုးပွားစေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အထူးကိုယ်စားလှယ် ဘရာဟီမိက ပြောကြားသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မှု ဆန့်ကျင်သည့် ဆန္ဒပြပွဲ ဆိုးလဲ့ဖြို့၌ ကျင်းပ

ဆိုးလ် ဒီဇင်ဘာ ၁၃

ဆောင်ကိုရီးယား-ပြည်သူများသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆောင်ကိုရီးယား၊အစိုးရ၏ အစီအစဉ်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲကို ကျင်းပကြသည်။ ဆန္ဒပြသူ ၅၀၀ ခန့်သည် "ဆောင်ကိုရီးယား- တပ်ဖွဲ့ဝင်များကို မလွှတ်နှင့်"၊ "စစ်အလိုမရှိ" စသည့် ကြွေးကြော်သံများကို ဟစ်ကြွေးကြသည်။

အများစုအား ဖြင့် အေးအေးချမ်းချမ်း ဖြစ်သည့် ဆန္ဒပြပွဲကို ပြိုခွင်းရန် တောင်ကိုရီးယား၊ရဲတပ်ဖွဲ့က မကြိုးစားခဲ့ဆ။

မေတ္တာရပ်ခံ

အီရတ်နိုင်ငံတွင်ရှိနေသည့် စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာနှင့် ဆေးတပ်ဖွဲ့ဝင် ၄၆၀ ဦးအပြင် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို ဆောင်ကိုရီးယား၊အစိုးရက ဆုံးဖြတ်ခဲ့ချိန် နောက်ပိုင်း ရက်သတ္တပတ်ကုန်ပိုင်း လိုလိုတိုင်းတွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ဆောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့ကြသည်။

သဘောကွဲပွဲ

အီရတ်နိုင်ငံခြောက်ပိုင်းတွင် ဆောင်ကိုရီးယား ဆောက်လုပ်ရေး အလုပ်သမားနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် အီရတ်သို့ ဆောင်ကိုရီးယား တပ်ဖွဲ့ဝင်များ စေလွှတ်ရေးနှင့် ပတ်သက်၍ ပြည်သူများအကြား သဘောကွဲလွဲမှု ကြီးထွားခဲ့သည်။

အင်တာနက်။

ဆန့်ကျင်ဆန္ဒပြ

ဒီဇင်ဘာ ၁၃ ရက်က အီရတ်သို့ ဆောင်ကိုရီးယား တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆောင်ကိုရီးယား အစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲကို ဆိုးလ်မြို့တော်တွင် ကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားတစ်ဦးအား ကိုယ်ထိလက်ရောက် ကျူးလွန်သည့် အမေရိကန် တပ်မှူးတစ်ဦး နုတ်ထွက်ခွာ ဆင်ထား

တိကရစ် ဒီဇင်ဘာ ၁၄

အီရတ်နိုင်ငံခြောက်ပိုင်းရှိ တပ်ရင်းကို ဦးဆောင်သည့်အမေရိကန်တပ်ဖွဲ့မှအရာရှိတစ်ဦးက အကျဉ်းသမား တစ်ဦးကို ဆိုးဆိုးရွားရွား ကိုယ်ထိ လက်ရောက် ကျူးလွန်မှု ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ရာထူးမှ နုတ်ထွက်ရန် စာတင်ထား၍ ကြောင်းဖြင့် တပ်မသတင်းပြန်ကြား၊ရေးရှုကစနေနေ့တွင်ပြောကြား သည်။

ရပ်ဆိုင်းထား၍

ဂင်းအရာရှိသည် ဒုတိယဗိုလ်မှူးကြီး အေလင်ဝက်စ်ဖြစ်ပြီး အမေရိကန် တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးအား စစ်ဆေးနေစဉ် သတ်ဖစ်ရန် ခြိမ်းခြောက်မှုနှင့် ရိုက်နှက်မှုဖြင့် စွပ်စွဲကာ ၎င်း၏ရာထူးမှ ဩဂုတ်လတွင် ရပ်ဆိုင်းထား ခဲ့သည်။ အေလင်ဝက်စ်၏ ဥပဒေကို ချိုးဖောက်ကြောင်း ဝန်ခံပြီး လာမည့်နှစ် နွေဦးပေါက် ရာသီတွင် ရာထူးမှ အနားယူမည်ဟု မေတ္တာရပ်ခံကြောင်းဖြင့် အမှတ်(၄) ခြေလျင်တပ်မ တပ်မှူးနှင့် တရား သူကြီးအဖြစ် ဆောင်ရွက်သူ အရာရှိတို့ ပြုလုပ်သည် တဲခါ၊ပိတ်ကြား နာစစ်ဆေးရာတွင် ပြောကြား သည် ဟု ဖော်ပြပါ သတင်းပြန်ကြား ရေးရုံးက ပြောကြား သည်။

ထောက်ခံမှုပေး

အေလင်ဝက်စ်အား အမေရိကန်ဒေါ်လာ ၅၀၀၀ ဒဏ်ငွေဆောင်ရန် ချမှတ်သည်။ သို့ရာတွင် စစ်ခုံရုံးတွင် လွှတ်ခြောက်သွားသည်။ တပ်မမှူးက အေလင်ဝက်စ်၏ အနာယူရန် မေတ္တာရပ်ခံမှုကို ထောက်ခံမှုပေးထား သည်။

အေလင်ဝက်စ်က ၎င်း၏ တပ်ဖွဲ့ဝင်များက ဟာမွဒီ အမည်ရှိ ထိန်းသိမ်းခံထား ရသူအား ရိုက်နှက်ခဲ့သည်ကို ဝင်ရောက်စွက်ဖက်ခြင်းမရှိ ကြည့်ခဲ့ကြောင်းနှင့် ၎င်းက သတိပေးသည် အနေဖြင့် ၎င်း၏ ပစ္စတိုသေနတ်ဖြင့် ဃောထဲသို့ ပစ်ပေါက်ခဲ့ကြောင်း လွန်ခဲ့သည့်လက ကြားနာမှု ပြုလုပ်ရာတွင် ဝန်ခံပြောကြား ခဲ့သည်။

သတင်းများ-ရယူရန် လိုအပ်

မိမိ၏ လူများ အသက်အန္တရာယ် လုံခြုံရေးအတွက် လုပ်ရှင်းဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များ-အပေါ် တိုက်ခိုက်ဖွယ်ရှိသည် သတင်းများ ရယူရန် လိုအပ်ပုံကို စစ်ဆေးကြား-နာရာတွင် ဝက်စ်က ထုတ်ဖော်ပြောကြား သည်။

အမ်အင်အေ၊ရိုက်တာ။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝုက်ပြုဆောင်းပါး

ဖွံ့ဖြိုးစည်ပင်ခဲ့သည့် ပထမမြန်မာနိုင်ငံ ပုဂံ

ရွေးဟောင်းယဉ်ကျေးမှု ပုဂံနယ်မြေတွင်ထုလုပ်ထားသည့် ပျူစောဘီး ရုပ်တုသည် ရွေးပုဂံသား၏ အားမာန်ကို ပြန်လည်တာသ သတိရစေသည်။

မြန်မာနိုင်ငံသည် အာရုတိုက်၏တောင်ဘက်ခြမ်း၌ ရှိ အရှေ့တောင်အာရှ ကျွန်းဆွယ်နိုင်ငံများတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် အိန္ဒိယတိုက်ငယ်၊ အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်ပြည်နှင့် အရှေ့တောင်ဘက်တွင် အင်ဒိုချိုင်းနား ကျွန်းဆွယ်နိုင်ငံများအကြား၌ တည်ရှိပြီး ပထဝီအနေအထား၊ အရ အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသော၊ ရေနေမြိုပိုနက် နယ်နိမိတ်နှင့် ခိုင်မာသော လူမျိုးသိမ်ငုံး၊ ခိုင်မာသော နိုင်ငံသမိုင်းရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ ရာသီဥတုနှင့်ဓြေဖျက်နှာပြင်ဝိုဟ်မှာ အလွန်ကောင်းမွန်လှသည်။ ရိုးမတောင်တန်းကြီးများသည် မြန်မာနိုင်ငံအား အတား၊အဆီး၊အကာအကွယ် တဲ့တိုင်းများသဖွယ် ကာရံထားပေသည်။ သဘာဝတရား၊ ကပေးထားသည့် မြေပြန့်လွင်ပြင်ကြီးများ၊ မြေဩဇာကောင်းမွန်လှသည့် မြစ်ဝကျွန်း၊ပေါ်ဒေသများ၊ နှန်းတင်မြေနှလယ်ယာကိုင်းကျွန်းများနှင့် စိုက်ပျိုးမြေ၊ စားကျက်မြေတို့က ကျယ်ဝန်းများပြား၍ လုပေသည်။

မြန်မာနိုင်ငံ တစ်နှတစ်လျား တွင် အဖို့တန်သစ်တောကြီးများ၊ သောက်သုံးရန်၊ စိုက်ပျိုးရန်အတွက် မြစ်ကြီးများနှင့် ချောင်းကြီး၊ ချောင်းငယ်များ၊ ကျောက်မျက်ရတနာ သယံဇာတ သဘာဝအရင်းအမြစ်များဖြင့် ပေါကြွယ်လှုပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်သည် စိမ့်စမ်းအသွယ်သွယ်၊ ရေတွန့်အဆင့်ဆင့်၊ တင့်တယ်သောသစ်တောများနှင့် သာ၍ ဒုတိုးတိုးရစ္စာန်၊ ပန်းမန်သစ်ပင်တို့ဖြင့် အဖြိတ်စေစိမ်းလန်းစိုပြည်လျက် ရှိနေပေသည်။

ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတိုင်းရင်းသား လူမျိုးစုများသည် မြန်မာနိုင်ငံတစ်ခုလုံး အနှံ့အပြားတွင် ရောနှောနေထိုင်လျက် ရှိနေကြပြီး၊ နောက်ဗီသန်း၊ သရေခေတ္တရာ၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ စသည်ဖြင့် ဖြိုဖြိုနိုင်းကလေးများ တည်ထောင်ကာ နေထိုင်လာခဲ့ကြသည်။

ထို့နောက် မြန်မာသက္ကရာဇ် ၂၉ ခုနှစ်၊ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒရာဇဝင်းသည် ကျေးရွာပေါင်း ၁၉ ရွာကို စုစည်းကာ ပုဂံနေပြည်တော်ကို တည်ထောင်အုပ်ချုပ်ခဲ့လေသည်။ ပုဂံနေပြည်တော်ကြီးကား၊ မင်းပေါင်း ၅၅ ဆက်အုပ်ချုပ်ကာ ခရစ်နှစ် ၁၀၇ ခုနှစ်မှ ၁၃၆၁ ခုနှစ်ထိ နှစ်ပေါင်း ၁၂၆၁ နှစ်ကြာရှည် တည်တံ့ခဲ့လေသည်။ ခရစ်နှစ် ၁၀၄၄ တွင် နန်းတက်သည့် အနော်ရထာမင်းစောလက်ထက်သို့ ရောက်သောအခါ အရှေ့ဘက်တစ်လွှာခွံ အကြီးဆုံး မြန်မာနိုင်ငံတော်ကြီး ဖြစ်လာခဲ့ပေသည်။

အနော်ရထာမင်းသည် ပုဂံမင်းဆက် ၄၂ ဆက်မြောက်တွင် မင်းဖြစ်လာပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် လက်ရုံးရည်နှလုံးရည်နှင့်ပြည်ထုသော မင်းတစ်ပါးဖြစ်သည်။ နန်းသက်၃၃နှစ် (၁၀၄၄မှ ၁၀၇၇ ထိ) ကြာပြီး ပထမမြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံရေး၊ စီးပွား၊ရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် မင်းတစ်ပါးဖြစ်ပေသည်။

အနော်ရထာမင်းသည် လက်ရုံးရည် နှလုံးရည်ဖြင့် ပြည်စုံကာ ပုဂံနေပြည်တော်ကို ဗဟိုပြုလျက် မြန်မာနိုင်ငံ အထက်ပိုင်းနှင် အောက်ပိုင်း အား လုံးကို စုရုံးသိမ်းသွင်းပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို အခိုင်အမာ စုစည်းတည်ထောင်မှုနိုင်ခဲ့သည်။ မြောက်ဘက်တွင် ယူနန်သို့တိုင်အောင် လည်းကောင်း၊ အရှေ့ဘက်တွင် ရှမ်းနယ်တစ်လွှာနှင့် ဓင်းမယ်၊ အယုဒ္ဓယသို့ တိုင်အောင် လည်းကောင်း၊ တောင်ဘက်တွင် မလာယုကျွန်းဆွယ်တိုင်အောင် လည်းကောင်း၊ အနောက်ဘက်တွင် ရခိုင်၊ စစ်တကောင်းတိုင်အောင်လည်း ကောင်း နယ်ယိ တို့ချဲ့စိုးမိုးနိုင်ခဲ့ပေသည်။ ထို့ကြောင့် အနော်ရထာမင်း၏ ပုဂံနိုင်ငတော်ကြီးသည် အင်အား၊ ခိုင်မာကြီးထွား၊ကာ အနီးဝန်းကျင်ရှိ ခေတ်ပြိုင်နိုင်ငများဖြစ်ကြသည် ယူနန်၊ ကမ္ဘောဒီး၊ယား၊ ဇင်းမယ်၊ ယိုးဒယား၊တို့က လေးစား၊ခန့်ညား၊ကြရလေသည်။

အနော်ရထာမင်းကြီးသည် နန်းတက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်အင်အား၊ တောင့်တင်းရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက် အာဏာစက်၊ ဓမ္မစက်ကိုကျင့်သုံးကာ လက်အောက်ခံဖြစ်သည် ခရိုင်၊ ဖြို့နှင်ရွာတို့၏ အင်အား၊အလိုက် အချို့ကျပါဝင်စစ်မှုထမ်း၊စေသည်။ ဆင့်ကဲဆင့်ကဲ ကွပ်ကဲအုပ်ချုပ်ခိုင်စေရန် အစုအဝန်း အသင်းအဖွဲ့တို့ကို ဖွဲ့စည်းစေခဲ့သည်။ နှလုံးရည်၊ လက်ရုံးရည်ဖြင့်ပြည်စုပြီး သစ္စာရှိသည် စစ်သူကြီးများ၊ ဗိုလ်မှူး၊တပ်မှူး၊စစ်သည်တော်များနှင့် နိုင်ငံတော်၏ စည်းရုံးရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ထိုပြင် နိုင်ငံတော်၏ စစ်အင်အား၊အတွက် ထောင်ပြုဖြို့ ရာပြုဖြို့များကိုလည်း တည်ထောင်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အတွင်းစည်း၊ ကမ်းခြေများ၊မှာ နေရာရေး၊ ပုသိမ်၊ ဒလ၊သန်လျင်၊ မုတ္တမ၊ ရေး၊ ထား၊ဝယ်နှင့် မြိတ်မြို့ တို့ဖြစ်ကြသည်။ ပုဂံ လောကနန္ဒာဆိပ်ကမ်း၊အထိပင် ပြည်ပ ရွှမ်းသတော်များ၊ ဆိုက်ကပ်သည် ဟုဆိုသည်။ ထိုပြင် နိုင်ငခြား တိုင်းပြည်များ၊ နှင့် ဆက်သွယ်မှုများ ပြုလုပ်ပြီး ကုန်သွယ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျောက်စာများ၊တွင် အတိအလင်း ရေးထိုးဖော်ပြခဲ့သည်။ ၎င်းတိုင်းပြည်များ မှာ သီဟိုဠ်၊ မာလာယု၊ ဂျာဝါ၊၊ ဘင်္ဂလား၊နှင့် မဏ္ဍိမဒေသတို့ဖြစ်ကြသည်။

အနော်ရထာမတိုင်မီက ပုဂံပြည်တွင် နတ်ကိုးကွယ်ခြင်း၊ နဂါးကိုးကွယ်ခြင်းနှင့်အကျင့်ယုတ် အရည်ကြီးတို့ကြီး စိုးလျက်ရှိသည်။ အနော်ရထာမင်းကြီး လက်ထက် သထုပြည်မှ ဓမ္မဒသမိပည်သော ရှင်အရဟံမထေရ် ကြွရောက်လာဖြင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ဟောကြား၊ဆုံး၊မတော်မူရာ အနော်ရထာမင်းကြီးအနေဖြင့် အလွန်ကြည်နူး၊နှစ်ခြိုက်တော်မူလေသည်။

ထို့ကြောင့် သထုပြည်မှ ပိဋကတ်သုံးပုံကို ပုဂံနေပြည်တော်သို့ ပင်ဆောင်တော်မူပြီး၊ ပိဋကတ်တော်ကို မွန်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်ဆိုစေခဲ့သည်။ ရဟန်းတော်များကို နိုင်ငံတော်အနှံ့သို့ဖြန့်ကာ သာသနာပြုစေခဲ့သည်။ ထို့နောက် သာသနိကအဆောက်အအုံများကိုလည်း တည်ထား၊ကိုးကွယ်ခဲ့သည်။

အနော်ရထာမင်းကြီးနောက် ပုဂံထီးနန်းကို ဆက်ခံခဲ့သည့် မင်းများအနက် ကျန်စစ်သား၊နှင့် အလောင်းစည်သူမင်းများသည်လည်း ပုဂံပြည်ကြီးကို စည်ပင်ဝပြောအောင် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း စွမ်းဆောင်နိုင်ခဲ့ကြသည်။

မောင်မင်းခန့်

အနော်ရထာမင်းသည် ပုဂံမင်းဆက် ၄၂ ဆက်မြောက် မင်းဖြစ်ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည်စုံသော မင်းတစ်ပါးဖြစ်သည်။

ကျန်စစ်သား၊မင်းကြီးသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို စွမ်းဆောင်နိုင်ခဲ့သည့် မင်းမြတ်တစ်ပါး ဖြစ်သည်။

အပြင်စည်း တည်ဆောက်ရာတွင် အရှေ့ဘက်နယ်စပ် တစ်လျှောက်၌ ခံတပ်ပြို့ဆေးပေါင်း ၄၃ ပြို့ကိုလည်း တည်ဆောက်စေသည်။

ခံတပ်ပြို့ပေါင်း ၃၃ ပြို့ကိုမူ ယနေ့တိုင် တွေ့ရှိနိုင်ပေသေး၊သည်။ ၎င်းတို့မှာ ဗန်းမော်နယ်တွင် ကောင်းတဲ့၊ ကောင်းစင်နှင် ရွှေဂူပြို့ကို လည်းကောင်း၊ ကသာနယ်တွင်ရင်ခဲ့၊ မိုးဒါး၊ ကသာနှင် ထီးချိုင့်ပြို့များကို လည်းကောင်း၊ မိုးကုတ်နယ်တွင် မြတောင်၊ ဟင်းကောင်း၊ ဟသံာမော်၊ ကြာညပ်နှင် စမ္မာနဂိုရှိပြို့များကို လည်းကောင်း၊ မန္တလေးနယ်တွင် စဉ်ကူး၊ ကုန်းသာယာ၊ မကွေ့ တရာ၊ ရေနံသာ၊ စုံပြို့၊ မတ္တရာ၊ သက်ကယ်ကျင်း၊ဝါ၊ရင်းတုတ်၊ တောင်ပြုန်းနှင် ပြို့ဒင်တို့ကို လည်းကောင်း၊ ကျောက်ဆည်နယ်တွင် မကွရာ၊တအုံ၊ မြင်စိုင်းနှင် မြစ်သာတို့ကို လည်းကောင်း၊ မိတ္ထိလာနယ်တွင် လှိုင်းတက်၊ သာဂရနှင်ညောင်ရမ်းတို့ကို လည်းကောင်း၊ ရမည်းသင်းနယ်တွင် ရွှေပြို့ကိုလည်း ကောင်း၊ တောင်ငူနယ်တွင် ပြို့လှ၊ ကလင်းနှင် ဆွာတို့ကို လည်းကောင်း ယခုတိုင် တွေ့မြင်နေရသေး၊သည်။

ပုဂံပြည်၏ အဓိက စီးပွား၊ရေးမှာလည်း စိုက်ပျိုး၊ရေးပင်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် ဆည်ခြောင်း၊ ကန်ချောင်း၊များကို ပြုပြင်ထိန်းသိမ်းသည်။ မိဆိုလာကန်တော်ကြီးကိုလည်း ကိုယ်တော်တိုင် ကြပ်မတ်ပြုပြင်သည်။ ကျောက်ဆည်ဒေသတွင် အနော်ရထာမင်းကြီး တည်ဆောက်ခဲ့သည့် ဆည်ခြောင်းအသစ်များမှာ ပန်းလောင်းမြစ်ကမ်း၊ပေါ်တွင် ကင်းတား၊ဆည်၊ ငယိုင်းဇင်ဆည်၊ ပြောင်းပြာဆည်နှင့် ကူမဲဆည်တို့ဖြစ်ပြီး ဇော်ဂျီမြစ်ပေါ်တွင် နွာ၊တက်ဆည်၊ ကွမ်းဆေး၊ဆည်နှင့် ဂူတော်(ငပြောင်) ဆည်တို့ဖြစ်ကြသည်။

ပုဂံပြည်၏ စီးပွား၊ရေးနယ်ပယ်များဖြစ်သည့် ကျောက်ဆည် ၁၁ ခရိုင်နှင့် မင်း၊ဘူး၊ခြောက်ခရိုင်တို့မှာ ဆည်ရေသောက်လယ်များ၊ဖြင့် အစဉ်စိမ်း၊လန်း စိုပြည်လျက်ရှိသည်။ ကျောက်ဆည်လယ်တွင်း ၁၁ ခရိုင်မှာ ပင်လယ်၊ မြစ်မနှာ၊ မြစ်သာ၊ မြင်းခုတိုင်၊ ယမှန်၊ ပန်၊ မကွရာ၊ တပြက်သာ၊ သင်းတောင်၊ တမုဆို၊နှင့် ခန်လှုတို့ဖြစ်ပြီး မင်းဘူး ခြောက်ခရိုင်မှာ စက္၊ စလင်း၊ ကျပင်၊ ဖောင်လင်း၊ မေပင်စရာနှင့် လယ်ကိုင်းတို့ ဖြစ်ကြသည်။

သဘာဝရေစကြောင်း၊များဖြစ်သည့် ဧရာဝတီမြစ်၊ တာပိန်မြစ်၊ ချင်းတွင်း မြစ်၊ ရွှေလီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်းမြစ်နှင် စမုမြစ်တို့ကြောင့် လည်း လမ်းပန်းဆက်သွယ်ရေးတွင် အဆင်ပြေခဲ့သည်။ ထိုပြင် မြန်မာနိုင်ငံ၏ ပင်လယ်ကမ်း၊ရိုးတန်း တစ်လျှောက်တွင်လည်း ဆိပ်ကမ်းမြို့များ တည်ဆောက်ကာ ပင်လယ်ရပ်ခြာဒေသများနှင့် ဆက်သွယ်ခဲ့သည်။

ပုဂံနေပြည်တော်ကြီး ဤကဲ့သို့တည်ထောင် နိုင်ခဲ့သည်မှာလည်း နှလုံးရည်၊ လက်ရုံးရည်ဖြင့် ပြည်စုံသည့် မင်းကောင်းမင်းမြတ်တို့၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှု ပြည်ထောင်စု စိတ်ဓာတ်ကြောင့်လည်း ဖြစ်ပေသည်။ ထိုအကြောင်းကို ကဗျာဆရာကြီး ဆရာဇော်ဂျီကလည်း “ရှေးခေတ် ပုဂံပြည်”ကဗျာတွင် ယခုကဲ့သို့ ဖွဲ့ဆိုခဲ့သည်။

လယ်တွင်း၊သား၊၊ ပြည်တော်သား
အသည်သား၊ မင်းမှုထမ်း
တစ်စိတ်ဝမ်း၊၊ တစ်လက်ညှီ
ပြည်ရေးကို ဖြိုင်တူချီကြတော့
ပြည်တော်မြတ်ပဲ့တင်သံ ဘဝဂ်ကဖြန်၀ါရော ...

ဟု ပုဂံပြည်ကြီး စည်ပင်ဝပြောရခြင်းမှာ ပြည်သူ၊ ပြည်သား၊လူတန်းစား၊အလွှာအသီးသီးတို့ စည်းလုံးညီညွတ်ခြင်းကြောင့်ဖြစ်ကြောင်း ဖွဲ့ဆိုခဲ့သည်။ တစ်နည်း ပြောရမည်ဆိုလျှင် မြန်မာတိုင်းရင်းသား၊တို့၏ စည်းလုံးညီညွတ်မှု ပြည်ထောင်စု စိတ်ဓာတ်ကြောင့်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင်ကျော်ကပင် ဖြစ်တည်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် မြန်မာတိုင်းရင်းသား၊တို့၏ နှလုံးသား၊ တွင် ယနေ့တိုင် ခိုင်ဖြိုနေဆဲဖြစ်ပေသည်။ ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြက္ခဒိန်နဲ့ တိုင်းရင်းဆေးပြုစုခဲ့ဟီရက

ဒီဧင်ဘာလ၏ ဆောင်းအေးအေးတွင် သန့်ရှင်းသော လေနှင်အတူ ပန်းရနံ့လေးများလည်း သင်းပျံလျက်ရှိသည်။ နွေကာလ၊ မိုးကာလ၊ ဆောင်းကာလ ဥတုသုံးပါးတွင် သူ့ရာသီနှင်သူ့ပန်းများပွင့်ကြပါသည်။ အပင်များ ရှင်သန်ကြပါသည်။ သို့သော် ဆောင်းကာလ၏ ပန်းများမှာ ပို၍မွေးသည်ဟု ထင်ပါသည်။ ဆေးပေါင်းသောဘ တန်ဆောင်မုန်းလပြည့်သည်လည်း ဆောင်းကာလဖြစ်ပါသည်။ ဆောင်းကာလသို့ ရောက်လေတိုင်း ဆေးပေါင်းခသော သစ်ပင်များနှင် ဤမြေပေါ်တွင် ဆေးဖက်မဝင်သောသစ်ပင် ဟု မရှိပါဆိုသော မြတ်စွာဘုရားလက်ထက်က အမည်ကျော်ကြား သည့် ဆရာကြီးဇီဝကကို သတိရမိပါသည်။ ထိုအတူ နှစ်စဉ်ကျင်းပမြဲဖြစ်သော တိုင်းရင်းဆေးနှင် ဆေးပစ္စည်းပြဒုံးကြီးလည်း သတိရမိပါသည်။ ယခုလည်း ဒီဧင်ဘာလရောက်ပြီဖြစ်၍ တိုင်းရင်းဆေးနှင် ဆေးပစ္စည်းပြပွဲကြီးကို တစေ့တစောင်း စနည်းနာကြည်ရာ ဒီဧင်ဘာလ ၁၇ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပဦးမည်ဟု သိရှိရပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် အတူ တိုင်းရင်းဆေးနှင် ဆေးပစ္စည်းပြပွဲကို တစ်ပြိုင်တည်း နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် လေးနှစ်ရှိပြီဖြစ်ပါသည်။ ၂၀၀၂ ခုနှစ် တတိယအကြိမ် တိုင်းရင်းဆေးနှင် ဆေးပစ္စည်းပြပွဲကို တပ်မတော်ခန်းမ၌ ပြသလျက်ရှိကြောင်း သိရ၍ သွား ရောက်ကြည့်ရှုခဲ့ပါသည်။ ဦးဝိစာရလမ်းမေ်မှ လှမ်းမျှော်ကြည့်လိုက်ရာ ပြပွဲလာပရိသတ်များ စီတန်း၍ ပြပွဲခန်းမတွင်း သို့ သွားနေသောကြောင့် ဝင်ရောက်တန်းစီ ရင်း ဘာတိုက်ကြည့်လိုက်ရာ တိုင်းရင်းဆေးနှင်ဆေးပစ္စည်းပြပွဲဟု ရေးသားထားသော တခွန်တိုမှာ မိုးပျံတော်လှန်ကြီးများတွင် တလွင်လွင်ဖြင့် တွေ့ ရပါသည်။ ခန်းမအဝကို ရောက်သည်ဆိုလျှင် မြန်မာမှုဂန္ဓမ်တော်ပန်းများဖြင့် ခြယ်သထားသော ဆိုင်းဘုတ်ကြီးကိုတွေ့ ရ၍ မြန်မာ့ဇာတိဆေးများလန်းဆန်းလာပါတော့သည်။ ခန်းမအတွင်း ဝင်ဝင်ချင်း နှိုင်းတော်အကြိုးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့၏ ဓာတ်ပုံကြီးများကို ခုံသာ၌ စွာဖြင့် ချိတ်ဆွဲထားပြီး လမ်းညွှန်မိန့် မှာချက်များ ရေးသားထားသည်ကို ဖတ်ရှုရ၍ လေ့စာကြည်ဖို့သောစိတ်ဖြင့် ဦးညွတ်ဂါရဝပြုမိပါသည်။

တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာနှင် ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ပေးကြပါဟု အမြော်အမြင်ကြီးစွာဖြင့် မိန့်ကြားခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်ချက်အတိုင်း ညီလာခံနှင့် တိုင်းရင်းဆေးပြပွဲ နှစ်စဉ်ကျင်းပ ပေးသည်ကိုလည်း လေ့စာလျက်ရှိပါသည်။ နှစ်စဉ် ကျင်းတိုင်းလည်း ပြည်သူအများ၏တပ်ပါဝင်စားစွာဖြင့် လာရောက်ကြည့်ရှုလေ့လာကြကြောင်း၊ တိုင်းရင်းဆေးဝါးများအပေါ် ပိုမို ယုကြည်သဘောထားကြောင်း သိရှိ၍ မြန်မာ့ဆေးဝါးများအပေါ် စိတ်ချလက်ချ ယုကြည်သုံးစွဲနေကြောင်း သိရပါတော့သည်။

ခန်းမအတွင်းတွင် ပြခန်းပေါင်း ၁၀၀ ကျော်ရှိကြောင်း သိရပါသည်။ ဝန်ကြီးဌာနအသီးသီး၏ ပြခန်းများ၊ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်သူတို့၏ ပြခန်းများ၊ ဆေးဝါးထုတ်လုပ်ရန်အတွက် လိုအပ်သော ပရဆေးကုန်ကြမ်းပစ္စည်းနှင် စက်မှုဆိုင်ရာပြခန်းများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပါသည်။ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်သူများဆိုလျှင် ပြည်သူအတွင်း ရေပန်းစားနေသော ဆေးဝါးများအပြင် ရေပန်းမစားသေးသော ဆေးဝါးများကိုလည်း ခင်းကျင်း ပြသထား သည်ကို တွေ့ ရပါသည်။ ခန်းမအတွင်း စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုနေကြသူများက ဝန်ကြီးဌာနအသီးသီးမှာ ပြသထား သော ဆေးဖက်ဝင်အပင်များ၊ ဆေးဝါးများ၊ ဆေးပညာစာအုပ်များကို သိလိုစိတ်ဖြင့် မေးမြန်းမှတ်သား နေသည်ကို တွေ့ ရသလို၊ ဆေးတိုက်ပိုင်ရင်း များက ထုတ်လုပ်ရောင်း ချသောဆေးဝါးများကို မည်သည် ရောဂါ ဖျောက်သည်။ မည်သို့သုံးစွဲရမည် မည်သည့်နေရာတွင် ရနိုင်သည်တို့ကို မေးမြန်းနေသည်ကိုတွေ့ ရပါသည်။ လာရောက်ကြည့်ရှုသော ပရိသတ်မှာ စုံလင်လှပါသည်။ ကျောင်းသား လေးများ၊ သဲယာဆာနှင် သီလရှင်များ၊ နိုင်ငြာသားများ၊ လူမွေ့ရေးအဖွဲ့ အစည်းများမှအဖွဲ့ ဝင်များ၊ အရပ်သူ့အရပ်သား များစသည်တို့ဖြင့် နေ့စဉ်ပြည့်နှက်နေကြောင်း သိရပါသည်။

ပြသထား သောဆေး ဝါးများမှာ စုံလင်လှပါသည်။ ငယ်စဉ်က ဆွေးဆေးနှင် လျှာပွတ်ဆေးလောက်သာ သိခဲ့ပါသည်။ ယခုပြခန်းတွင် အား တိုးဆေး၊ အကြောပြေဆေး၊ အဆစ်အမျက်ကိုက်မျောက်ဆေး၊ မျက်စိကြည်ဆေး၊ သလိပ်ဖျန်ဆေးစသည်တို့ဖြင့် စုံလင်နေသည်ကိုဆွေ့ ရ၍ မြန်မာ့တိုင်းရင်းဆေးသည်လည်း အနောက်တိုင်းဆေးကဲ့သို့ အမျိုးစုံ၊ အမည်စုံရှိပါလာဟုပင် အဩဇိပါသည်။ ရေးရိုးစဉ်လာ မိရိုးဖလာဆေးဖော်စပ်နည်းဖြင့် ဖော်စပ်ပြီး ဆောင်းချသည့် ဆေးများသာမက သိပ်ခုနည်းကျ သုတေသနပြုပြီး ခေတ်စီစက်ကြီးများဖြင့် ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးများကိုတွေ့ ရ၍ မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်မှုသည် ခေတ်နောက်မကျန် တိုးတက်မှုမှန်ကန်ပါလာဟုပင် ခြင်မိပါသည်။ အချို့ပြခန်းများတွင် သူတို့ထုတ်လောဆေးကို ခေတ်မီစက်ကြီးများဖြင့် မည်သို့ထုတ်လုပ်သည်ကို ဓာတ်ပုံများ၊ ဒီဒီယိုပြစက်များဖြင့်ပြသထား၍ ကိုယ်တိုင်စက်ရုံတွင်းသို့ သွား ရောက်ကြည်နေသကဲ့သို့ပင် ခံစား ရပါသည်။ ပြသရင်းပညာပေး၊ ပညာပေးရင်း ဆိုက်ဘြာ၊ ဆိုက်ဘြာရင်း လက်ဆောင်ပေး၍ သိသလို ပြခန်းတိုင်းလိုလိုပင် သူတို့ထုတ်လုပ်ရောင်း ချသော ဆေးခုနှစ်အထုတ်ကလေးများ၊ ရွှေဆေးများ၊ ဆေးဘူးကလေးများအပြင် လက်ကမ်းစာစောင်များ လက်ဆောင်ပေး၍ လက်နှစ်ဖက်မအား ရအောင် ရခဲပါသေး သည်။ ပြသထား သော ဆေးများကို စပ်ခုကြည့်သောအခါ ဆေးဘူးဃါတွင် ပါဝင်သောဆေးပစ္စည်း အမည်နှင် ပါဝင်မှု ရာနှုန်း၊ ဆေးညွှန်း၊ ထုတ်လုပ်သည့်လိပ်စာ၊ ဆေးဝါးမှတ်ပုတင်အမှတ်၊ ထုတ်လုပ်သည့်နေ့ရွဲ့၊ ထုတ်လုပ်သည့် အပတ်စဉ်၊ သက်တမ်းကုန်ဆုံးမည့်နေ့ရွဲ့တို့ကို ရေးသားထား၍ လုပ်ငန်းရှင်များသည် တိုင်းရင်းဆေးဝါး ဥပဒေနှင့်အညီ ဆောင်ရွက်ထားသည်ကို သိရ၍ ဥပဒေကိုလေးစားလိုက်နာပြီး စနစ်တကျ ထုတ်လုပ်ထား ပါလားဟု ချီးမွမ်းမိပါသည်။ နိုင်ငံတကာတွင် ထုတ်လုပ်သည် ဆေးဝါးတိုင်းကို စစ်ဆေးပြီး စနစ်တကျ မှတ်ပုတ်ထားသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဝါးများမှာလည်း စနစ်တကျ မှတ်ပုတ်ထားသည်ကို တွေ့ ရပါသည်။ ယခင်က အမှန်နှင် လက်ဖြင့်လုံးသော ဆေးများကိုသာ မြင်ဖူးခဲ့ရာ ယခုအခါ ဆေးပြား၊ ဆေးတောင့်၊ ဆေးအဆီ စသည်တို့ကိုတွေ့ ရ၍ မြန်မာ့တိုင်းရင်းဆေး ထုတ်လုပ်မှု ခေတ်မီတိုးတက်နေသည်ဟုပင် ဆိုရွဲင် ပါသည်။

ဝန်ကြီးဌာနခြခန်းများမှာ ပြသထား သော ဆေးဖက်ဝင် အပင်များကို လေ့လာကြည့်ရှုသောအခါ မြင်ဖူးသောအပင် များနှင် မမြင်ဖူးသောအပင်များကို တွေ့ ရပါသည်။ မြင်သာ မြင်ဖူးသော်လည်း ဆေးဖက်ဝင်ကြောင်း မသိသေးသဖြင့် မေးမြန်းကြည့်သောအခါ ကိုယ်လက်တစ်ကမ်းမှာပင် ဆေးဖက်ဝင်သော အပင်များရှိကြောင်းနှင် သုံးတတ်လျှင် အဓိကတန်ကြောင်း သိရပါတော့သည်။ တိုင်းရင်းဆေးကို ဆေးပင်များ ဖြင်သာ ဖော်စပ်ထားသည်ဟု ထင်မိခဲ့ရာ ယခု ဆေး ဖော်စပ်ရာတွင် အသုံးပြုသည် တိရစ္ဆာန်တို့၏ အစိတ်အပိုင်းများ ဖြစ်သည် ကတိုကောင်၏ သိုအိတ်၊ ဖြူဆူး၊ ပင်လယ်ရေမြေပုံ စသည်တို့ကိုတွေ့ ရ၍ မြန်မာ့ဆေးပညာ၏ နက်နဲသည် ဆေးဖော်စပ်နည်းများကို တရေ့ရေး ဖြင်ယောင်မိပါသည်။ မမြင်ဖူးသော ဆေးဖက်ဝင်အပင်များ၊ သစ်ဥများကို တွေ့ ၍မေးမြန်းကြည့်သောအခါတွင် ရှားပါးသော အပင်များ ဖြစ်ကြောင်း၊ အချို့မှာ တောနက်များတွင်သာရှိကြောင်း၊ ရှာဖွေရမလွယ်ကူကြောင်း သိရှိရပါသည်။ ထို့ကြောင့် တိုင်းရင်းဆေးဆရာများအနေဖြင့် ဆေးဖက်ဝင် ရှားပါးသည့်ဆေးပင်များကို ရှာဖွေဖော်ထုတ်ပြီး မျိုးမတုံးအောင် ထိန်းသိမ်းပို့ဆောင်ကြောင်း ဖြင်လာမိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့တိုင်းရင်းဆေးဆရာများသည် အနောက်တိုင်းဆေးပညာရှင် ဆရာဝန်များကဲ့သို့ ကုမ္ပဏီက ထုတ်လုပ်သော ဆေးကိုဆေးဆိုင်မှာ လူနာကို ဝယ်သောက်ခိုင်းသည်မဟုတ်။ မိမိတို့ ပညာဖြင့် မိမိတို့ ချင်ချိန်ပြီး လိုအပ်သောဆေးကို မိမိတို့ကိုယ် တိုင်ဆော်စပ်၍ လူနာကိုပြုစုသောကြောင့်ဖြစ်၍ အစွမ်းထက်သော ဆေးဖက်ဝင်အပင်များ မျိုးမတုံးအောင် ထိန်းသိမ်းရန်တာဝန်ရှိသည်ဟု ဆိုရွဲင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနဖြင့် တွင် ပြသထားသော ဆေးဘူးများကိုဖြင်၍ မေးမြန်းကြည့်ရာ ပြည်သူအများ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ဈေးကျမိစေပါ ဆေးဆော်နည်းများအတိုင်း ခေတ်မီစွာ ဖော်စပ်ထားသော ဆေးများဖြစ်ကြောင်း၊ သလိပ်ပုပ်ဖျက်ဆေး၊ ဓာတ်ဝင်ဆေး၊ စကျပါလဆေးစသည်ဖြင့် ဆေးအမျိုးအမည်ပေါင်း ၁၄မျိုး ထုတ်လုပ်ရောင်းချပေးကြောင်း ထိုဆေးများကိုမြို့နယ် အသီးသီးရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနများနှင် တိုင်းရင်းဆေးရုံများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရပါသည်။

ခန်းမကြီး၏ ထောင့်တစ်နေရာတွင် စကားပြောသံများပြားထားသည်ကိုတွေ့ ၍ ဝင်ရောက်စပ်စုကြည့်ရာ မြန်မာ့ပြည်တွင်း ထုတ်လုပ်သော စက်များဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရာတွင် အမှုန့်ကြိတ်ခြင်း၊ ဆေးပြား ရိုက်ခြင်း၊ ဘူးသွပ်ခြင်းအတွက် အလိုအလျောက်လုပ်ပေးသည့် စက်များဖြစ်ကြောင်း တွေ့ ရ၍ အံ့သြမိပါသည်။ မြန်မာ့တိုင်းရင်းဆေးဝါးများ ခေတ်မီစွာ ထုတ်လုပ်ရေးအတွက် နိုင်ငံခြားမှစက်များ မှာယူဖြို့ ထုတ်လုပ်ရသည်ဟု ထင်ခဲ့မိရာ ယခုအခါပြည်တွင်း၌ ထုတ်လုပ်သော စက်များကို ယူဆောင်ပြသထားသည်ကို တွေ့ ရ၍ ဝမ်းသာအားရ ဖြစ်မိပါသည်။ ဆရာဝန်များ ခေတ်မီစွာ ထုတ်လုပ်ရေးအတွက် နိုင်ငံခြားမှစက်များ မှာယူဖြို့ ထုတ်လုပ်ရသည်ဟု ထင်ခဲ့မိရာ ယခုအခါ ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရန် ဆရာဝန်များ ကိုယ်တိုင် ဦးစီးဦးဆောင်ပြီး ထုတ်လုပ်ရသည်ဟုပင် ဆိုရွဲင်ပါသည်။

ယခင်နှစ်က တိုင်းရင်းဆေးနှင် ဆေးပစ္စည်းပြပွဲသို့ သွား ရောက်ခဲ့ပြီး တွေ့ မြင်ခဲ့ရသည်များကို ပြန်လည် မြင်ယောင်မိပြီး ယခုနှစ်ပြပွဲနှင် ပတ်သက်၍ တာဝန်ရှိသူများကို ချဉ်းကပ်ပြီး မေးမြန်းကြည့်ပါသည်။ ယခုနှစ်တွင် လည်း စဉ်လာမပျက် ပြုလုပ်မည်ဖြစ်ပြီး ဝန်ကြီးဌာနပြခန်းများနှင့် တိုင်းရင်းဆေး ထုတ်လုပ်သူများ၏ ပြခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရပါသည်။ ယခုနှစ်တွင် ပုဂ္ဂလိက ပြခန်း ဆေါင်း ၁၂၀ ကျော် ပါဝင်မည်ဖြစ်ပြီး ဈေးကွက်တွင် နာမည်ရပြီး အမှတ်တဆိပ်များဖြစ်သော ဂရိတ်ဆေ၊ ဖိန်း၊ ကေသီပန်း၊ လူပျံတော်ပဒ္မ စြာ၊ မှန်ချီ၊ ထွန်းဆွေဝါ၊ ထက်လင်း၊ ဓောရိယ စသည်တို့၏ ဆေးဝါးများနှင် အခြား ထုတ်လုပ်မှု လုပ်ငန်းရှင်တို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရပါသည်။ ဝန်ကြီးဌာနများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန စသည်တို့ပါဝင်မည်ဟု သိရပါသည်။ ထိုပြင် စက်မှုလက်မှုလုပ်ငန်းရှင်များက ၎င်းတို့ တိထွင်ထုတ်လုပ်သော စက်ပစ္စည်းများကိုလည်း ပြသဦးမည်ဟု သိရပါသည်။ မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူများသိအောင် တစုတဝေးတည်း စုစည်း၍ ပြသသောပွဲဖြစ်၍ မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူတို့နှင် ပို၍ရင်းနှီးစေသည်ဟုဆိုရမေပမည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများ အစွမ်းထက်မှု သပ်ရပ်ခြည်းသော ထုပ်ပိုးမှုကို ပြည်သူများ၌ ရှု မျက်ဝါးထင်ထင် ခင်းကျင်းပြသရသော ပွဲဖြစ်၍ ဆေးဝါးများကို ပြီးစလွယ် ထုတ်လုပ်ရောင်းချ၍ မရနိုင်ပေါ။ ပြပွဲတွင် တစ်ဦးနှင်တစ်ဦး ယှဉ်ပြိုင်သကဲ့သို့ ဖြစ်၍ ကိုယ်ဆေးထုတ်လုပ်မှု ပိုမိုသေသပ် ကောင်းမွန်အောင် အစွမ်းကုန်ကြိုးစား ထားရသည် ဖြစ်ပါသည်။ ထို့အချက် သည်ပင် မြန်မာ့တိုင်းရင်းဆေးကို ခေတ်မီအောင်ဆောင်ရွက်လိုစိတ်ဖြစ်အောင် လှုံ့ ဆော်မှုတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးအားပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးခန်းများ၊ တိုင်းရင်းဆေးရုံများ တိုးချဲ့ တည်ဆောက်ပေးခြင်း၊ တိုင်းရင်းဆေးပညာများ ပြန်လှူဒါန်းခြင်း၊ တိုင်းရင်းဆေးပညာရှင်များ ဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေးဝါးများ တည်ထောင်ပေးခြင်း၊ တိုင်းရင်းဆေးပညာများ ပြန်လှူဒါန်းခြင်း၊ တိုင်းရင်းဆေးပညာရှင်များ၊ ဆေးဝါးထုတ်လုပ်သူများ၏ ပြခန်းများ၊ ဆေးဝါးထုတ်လုပ်ရောင်းချသည့် ဆိုင်များ၊ ဆေးဘက်ဆိုင်ရာ ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များ အကြား အကြံဉာဏ်ပေးခြင်း၊ ဆေးဝါးများ ဖလှယ်ခြင်း၊ ဆေးဝါးများ ဝယ်ယူရရှိနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်ဟု ဆိုရွဲင်ပါသည်။ ဤသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ဆရာဝန်များ၊ ဆေးဝါးထုတ်လုပ်သူများ၊ ဆေးဝါးရောင်းချသူများ၊ ဆေးဝါးသုံးစွဲသူများ အကြား ဆက်သွယ်ရေးကွင်းဆက်ကြီး ပိုမိုခိုင်မာလာပြီး ဆရာဝန်များ ခေတ်မီစွာ ထုတ်လုပ်ရေးသည် ဆေးဝါးများကို ပြည်သူများ ယုံကြည်စွာ သုံးစွဲနိုင်သည်ဟု ကမ္ဘာသိဆောင် ထြွေးကြော်လိုစိတ်ပင် ဖြစ်လာမိပါသည်။

မင်းဘူး အရှင်ပညာဝံသ မိုးကုတ်တရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၁၅

သန်လျင်ဖြို့ သောက်ကော်တွင်း ရပ် ရွေနံသာခမ္မရိပ်သာမှ နယ်လှည့်ခမ္မကထိက မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ မင်းဘူးအရှင်ပညာဝံသ(ခမ္မာစရိယ)သည် ဒီဇင်ဘာ ၁၃ ရက် မှ ၂၂ ရက်ထိ ပဲခူးဖြို့ ညဿဂြို့သစ် ကဲထူးခမ္မရိပ်သာ၊ ဒီဇင်ဘာ ၂၅ရက်မှ ၃၁ ရက်ထိ ပေါင်းတည်ဖြို့ ဘိုးသာအောင်ကုန်းကျောင်း၊ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်ထိ ကျောက်တန်းဖြို့နယ် ကရင်ချောင်ကျေးရွာ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က–ပ)

ဟီရက

ဆက်ပါဦး

နက်ဝစ်ခ်သင်တန်းများ ဖွင့်လှစ်သင်ကြား

ရန်ကုန် ဒီဇင်ဘာ ၁၅

ခေတ်မီကွန်ပျူတာ ကွန်ရက်နည်းပညာကို အသုံးပြုလျက်ရှိသောသူများ အတွက် ရည်ရွယ်၍ လာမည် ဒီဇင်ဘာလဆန်းတွင် MS Windows 2000 Network Infrastructure သင်တန်းကို (တနလာနှင် ဗုဒ္ဓဟူးနေ့) များတွင် လည်းကောင်း၊ Designing Directory Services သင်တန်းကို (အင်္ဂါနှင် ကြာသပတေးနေ့) များတွင်လည်းကောင်း ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲအထိ အမှတ် (၉၁/၉၃) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင် ၄၉ လမ်းထောင့် ပုဇွန်တောင်ဗြို့နယ်ရှိ Compu Tech ကွန်ပျူတာသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

Internet/Intranet အသုံးပြုသည့်လုပ်ငန်းကြီးများ၊ ဌာနဆိုင်ရာများအတွက် Network Security နှင့် Network မှတစ်ဆင့် Internet/Intranet ကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် MS ISA Server 2000 နှင့် Security+ သင်တန်းများကို (စနေနှင်တနင်္ဂနွေနေ့)များတွင် ဖွင့်လှစ်သင်ကြားသည်ဖြစ်ပြီး အခြားသော Network/Hardware နှင့်အခြေခံသင်တန်းများကို ပုံမှန်ဆေးလေ့ တန်းခွဲများ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ (က–ပ)

ပထမကျော် ဓာသင်တိုက် ကျောင်းဆောင် ရေစက်ချပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

သဃ်ဒန်းကျွန်း ဖြို့ နယ်၊ ၉/က ရပ်ကွက် ခမ္မဝိဟာရ ပထမကျော် စာသင်တိုက်အတွင်း၌ ကျေးဇူးတော်ရှင် မဟာဝတီဆရာတော်ကြီး၏ ဩဝါဒ အရ ပြည်သူများ စုပေါင်းဆောက်လုပ်လှူဒါန်းသော ဝဏ္ဏဂုဏ်ရည် သုံးထပ်ကျောင်း ဆောင်ကြီးနှင် ရှုပဒုဏ်ရည် နှစ်ထပ်ကျောင်းတော်၊ မုခဦး များ ရေစက်ချအလှူဆောင် မင်္ဂလာအခမ်းအနား၊ ဒီဇင်ဘာ ၁၉ ရက် ကျင်းပ မည်အစား၊ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာအလှူရှင် များအား ထုံးကြွေထောက်ကြရန် ဖိတ်ကြား ထားကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအဓိအစဉ်

၁၆–၁၂–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ ဓမ္မပြည်သိန်း
၇:၁၀ ၃။ ဓမ္မပြည့်တစ်ဝန်း
ရောင်စုံမှတ်တမ်း
၇:၃၀ ၄။ မြန်မာသံစဉ်ချိန်း၁၀၉
၇:၄၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၆။ ဖွဲ့ဖြိုးသာယာ ပြည်ဖြန်မာ
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၈။ ဖွဲ့ဖြိုးသာယာပြည်ဖြန်မာ
၈:၁၅ ၉။ အမိတ်နှတ်ဆက်စကား
၈:၁၆ ၁၀။ ပြီးပါပြီ။

ညနေပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အမှုင်သိန်း
၄:၁၀ ၃။ ဖွဲ့ဖြိုးသာယာ ပြည်ဖြန်မာ
၄:၁၅ ၄။ ချီမြေလက်သုံးမြို့ဧည့်သင်္ဘောနှင့်
၄:၂၀ ၅။ အလွမ်းဆာရိုးသွယ်
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးဆုတ်ပန်းတော်
၅:၀၀ ၈။ အရှင်သိန်းရွှေ
၅:၁၅ ၉။ ဖွဲ့ဖြိုးသာယာ ပြည်ဖြန်မာ
၅:၂၀ ၁၀။ အလေ့သင်ပညာရပ်ပို့ချမှု
အစီအစဉ်
(က) ပထမနှစ်(၀၆ဒီဇင်ဘာ)
(ခ) ပထမနှစ်(အရှေ့တိုင်းဘာသာ)
၅:၃၀ ၁၁။ ကော်မူနိုင်းဖြစ်ထွန်းဖို့
နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅ ၁၂။ သာယာသံကြေး ဆော်ဆန်းတေး
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၄။ နိုင်ငံတကာသတင်း
၆:၂၀ ၁၅။ မိုးလေဝသသတင်း
၆:၂၅ ၁၆။ မြန်မာ့ရွှေခင်း
၆:၄၀ ၁၇။ လွယ်တစ်ပြင်ကိုရိက်ချက်
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်စာတော်လမ်း၊ ဖန်ဆိုးနီးနဲ့ ယမင်းရွှေခင်း (အပိုင်း–၂၇)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
၁၀။ ဖွဲ့ဖြိုးသာယာပြည်ဖြန်မာ
၁၁။ လွယ်တစ်ပြင်ကိုရိက်ချက်
၂၀။ တိုင်းကျိုးပြည်ကြွတည်ထောင်မှု
၂၁။ **ရသစုံလင်ရုပ်မြင်စာတော်လမ်း၊ သိုင်းညီနောင် (အပိုင်း–၃၃)**
၂၂။ သင်းအတွဲကံမနုတ်ဖြင့်
၂၃။ အမိတ်နှတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

☆ ရှေ့မုံ့မှ

စွမ်းအား စုများ တိုးမှာဖြစ်ထွန်းနေခြင်းဖြစ်တာကြောင့် မိမိနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်ဟု ပထမဦးစွာ ပြောကြား လိုကြောင်း။

ပေါင်းစည်းဖြစ်ထွန်းရေး

ယနေ့အချိန်အခါလို မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ဖြစ်ထွန်းရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသား ရေးစွမ်းအား ကိုအား ပြုပြီး ကြိုးပမ်းစွမ်းဆောင်နေသည့် အချိန်အခါတွင် မိမိနိုင်ငံ၏ တည်ရှိပြီး သယံဇာတ အရင်းအမြစ်စွမ်းအား နှင့် ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော အသိပညာရှင် အတတ်ပညာရှင် စွမ်းအားတို့ ပေါင်းစည်းဖြစ်ထွန်းရေးသည် အလွန်အရေးပါလှကြောင်း။

အထူးသဖြင့် နိုင်ငံတကာ မျက်နှာစာတွင် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှုတ်ကို လွှမ်းမိုးကြီးစိုးလျက်ရှိသည့် အခြေအနေမျိုးတွင် ပြည်ဆောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ သူတစ်ပါးခြေဓာအာဏာ ဝေငင်မိုဝ်အောက် ကျရောက်မသွားစေရေးမှာ မိမိတို့ ၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ ယခုလိုအချိန်တွင် မိမိတို့ ၏ အမျိုးသားရေး ကိုယ်ခံစွမ်းအား ကို အခိုင်အမာ တည်ဆောက်ထားနိုင်ရန် အလွန်ပင် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး ဓနအင်အား ခိုင်မာတောင့်တင်းအောင်၊ သိပ္ပံနှင့်နည်းပညာစွမ်းအား မြင့်မားခိုင်မာအောင်၊ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခိုင်မာသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်သည့် အမျိုးသားရေးစွမ်းအား စု တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းလျက်ရှိနေခြင်း ဖြစ်ကြောင်း။

စနစ်တကျကြိုးပမ်း

ပညာရေးကဏ္ဍအနေဖြင့်ကြည်လျှင် နိုင်ငံတော်အတွင်း အဆင့်မြင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသား များအား လုံးပညာရည်မြင့်မားရေး၊ ဒေသအလိုက် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးနှင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးဆိုသည် ပညာရေးဆိုရာ ရွှေ့မှန်းချက်များ ဟန်ချက်ညီညီ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင် အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်အတွက် အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့် အကျိုးရလဒ်ကောင်းများ စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အဆင့်မြင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုထောင် မွေးထုတ်ပေးနိုင်ရေးတို့အတွက် တက္ကသိုလ်၊ ကောလိပ်များကို နယ်မြေဒေသအလိုက်သော်လည်း ကောင်း၊ အထူးပြုဘာသာရပ်အလိုက်သော်လည်း ကောင်း တိုးချဲ့ထူထောင်ပေးလျက်ရှိသောကြောင့် ယခုအခါတက္ကသိုလ်နှင့် ကောလိပ် ၁၅၄ခု အထိ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ထူထောင်ထားနိုင်ပြီး ဖြစ်ကြောင်း။

ယခုလို တိုးချဲ့ထူထောင်ပေးနေသည့် တက္ကသိုလ်နှင့်ကောလိပ်များတွင်လည်း အစဉ်အမြဲ လေ့လာသင်ယူနေသော မြန်မာ့လူဘောင်အဖွဲ့ အစည်းကြီးဖြစ်ထွန်းလာရေးဆိုသည့် အနာဂတ်ပညာရေးမျှော်မှန်းချက်နှင့်အညီ ခေတ်မီသင်ကြားမှု၊ သင်ယူမှုအခြေခံကောင်များ ဖန်တီးတည်ဆောက်ပေးလျက်ရှိကြောင်း။

ကွန်ပျူတာကွန်ရက်စနစ်

သင်ကြားမှု သင်ယူမှု အခွင့်အလမ်းများ တစ်နိုင်ငံလုံး တစ်ပြေးညီရရှိဖြစ်ထွန်းစေရေးအတွက် ကြိုဟိုတုဆက်သွယ်ရေးစနစ် အခြေခံသည့် Learning Centre များ၊ ပညာရည်အဆင့်အတန်းမရွေး၊ အသက်အရွယ် အရွိန်အဝါမရွေး အဆင့်မြင့်ပညာများ သင်ကြားသင်ယူနိုင်သည့် Resource Centre များ၊ တက္ကသိုလ်နှင့် ကောလိပ်အသီးသီးကို ချိတ်ဆက်ပေးနိုင်သည့် ကွန်ပျူတာကွန်ရက်စနစ်များကို တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တပ်ဆင်ပေးထားပြီးလည်း ဖြစ်ကြောင်း။

အထူးသဖြင့် အဆင့်မြင့်ပညာလေ့လာသင်ယူရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည် သတင်းနှင်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော Information and Communication Technology Park (ICT Park) များကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အတွက် မန္တလေးတို့မှ နှင့် ရန်ကုန်တို့မှ တိုးမှာ ထူထောင်ဖွင့်လှစ်ထား ပြီးဖြစ်သည်အပြင် သတင်းနှင်ဆက်သွယ်ရေးကွန်ရက်စနစ်ကိုပါ တစ်နိုင်ငံလုံးအတွက် လွှမ်းခြုံပေးထားနိုင်ပြီးလည်းဖြစ်ကြောင်း။

တိုးမြှင့်သင်ကြားပေးလျက်ရှိ

ယခုလို အဆင့်မြင့်ပညာ လေ့လာသင်ယူရေး အခြေခံကောင်းများ အကောင်အထည်ပေါ်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါဓာတ်ကောင်းတွင် တက္ကသိုလ်အသီးသီးကလည်း အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်မှုးထုတ်နိုင်အောင် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့များကို ဘာသာရပ်တစ်ခုစီပြီးတစ်ခု တိုးမြှင့်သင်ကြား ပေးလျက်ရှိသည်မှာ အလွန်အား ရဖွယ်ကောင်းလှကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဧင်ညွှန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဆောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူတစ်ဦးအား ဂုဏ်ပြုဆွေးနွေးမြင်ကွင်းကို ကြည့်ရှုနေစဉ်။ (သတင်းစဉ်)

အလားတူပင် တက္ကသိုလ်အသီးသီးတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများဖွင့်လှစ်ပြီး လက်တွေ့အသုံးဝင်သည်အပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်ပြီး လက်ဆွဲ ဘဝနှင်းကိုက်ညီသည့် ဘာသာရပ်အမျိုးမျိုးတွင် ဘွဲ့ကြို၊ ဘွဲ့လွန်ဒီပလိုမာ၊ ဘွဲ့နှင့် မဟာဘွဲ့သင်တန်း အမျိုးအစားပေါင်း ၁၅၀ကျော် တည်ထောင်ဖွင့်လှစ်ပြီး စဉ်ဆက်မပြတ် ပညာသင်ကြား နိုင်မှု အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်အတွက် အခွင့်အလမ်းပွင့် ပညာရေးစနစ်ဆေးထွန်းနေပြီဟု ဆိုနိုင်ကြောင်း။

ပါရဂူဘွဲ့ များနှင့်ပတ်သက်ပြီးပြောရလျှင် ယနေ့အချိန်အခါမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိသည့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့မှာ ပါရဂူဘွဲ့ သင်တန်းပေါင်း ၃၁၅ ဖွင့်လှစ်ထားနိုင်ပြီးလက်ရှိမှာ သင်တန်းသား ၂၆၀ကျော် တက်ရောက် ပညာသင်ယူဆည်းပူးနေကြတာ တွေ့ရကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဧင်ညွှန့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဆောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူတစ်ဦးအား ဂုဏ်ပြုဆွေးနွေးမြင်ကွင်းကို ကြည့်ရှုနေစဉ်။ (သတင်းစဉ်)

ပါရဂူဘွဲ့သင်တန်း

အလားတူပင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ (Ph.D)သင်တန်းခုနစ်မျိုး၊ ဆေးလက်ဆွဲ ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်း ၂၉မျိုး စုစုပေါင်း ပါရဂူဘွဲ့ သင်တန်း ၃၆မျိုး ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်းကြောင့်လက်ရှိမှာ သင်တန်းသား ၁၈၀ဦးနီးပါး သင်တန်းတက်ရောက်လျက်ရှိတာ တွေ့ရကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာ တက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှာ အင်ဂျင်နီယာဆိုင်ရာ သိပ္ပံဘာသာရပ် ဂါမျိုး၊ အင်ဂျင်နီယာနှင့် ဗိသုကာဘာသာရပ် ၁၆မျိုး၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ဘာသာရပ် တစ်မျိုးတို့မှာ ပါရဂူဘွဲ့ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာမှာ လက်ရှိသင်တန်းသား ၄၇၀ဦးခန် တက်ရောက် ပညာဆည်းပူးလျက်ရှိတာ တွေ့ရကြောင်း။

တက္ကသိုလ်အသီးသီး၊ ပါရဂူဘွဲ့ သင်တန်းအသီးသီးက ဓမ္မ၊ထုတ်လိုက်သည့် ပါရဂူဘွဲ့ ရများအနေဖြင့်ကြည့်လျှင် ၂၀၀၃ခုနှစ် ဒီဇင်ဘာလဆန်း၊ပိုင်းကာလအထိ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှာ ပါရဂူဘွဲ့ ရ ၁၁၉ဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါရဂူဘွဲ့ ရ ၇၁ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရ ၁၇၃ဦး၊ စုစုပေါင်း ပါရဂူဘွဲ့ ရ ၃၆၃ဦး ဆေးထွန်းလာခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဝင်ကြွားဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

တိုးမှာပေါ်ထွန်း

ယခုလို အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေခြင်းသည် အမျိုးသားပညာရည်မြင့်မားရေးနှင့် အမှီခိုနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ဆိုင်တန်း ဖွဲ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံကောင်းများ အစိုင်အမာ ဖြစ်ထွန်းလာနေခြင်းဖြစ်သလို မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာကို ထိန်းသိမ်းမြင့်တင်စွမ်းဆောင်ပေးနိုင်မည့် အမျိုးသားရေးစွမ်းအား စုများ တိုးပွားပေါ်ထွန်းနေခြင်း လည်းဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုအခြေခံကောင်းများ၊ အမျိုးသား ပညာရည်အဆင့်အတန်း တိုးတက်မြင့်မားမှုအလားအလာကောင်းများကို ပိုမိုမြင့်မားခိုင်မာလာစေရန်နှင့် ပညာရေးဆိုရာ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထိန်းသိမ်းမြင့်တင်နိုင်စေရန်ဆိုရာမှာ ပါရဂူဘွဲ့ ရ ပညာရှင်များ၊ ကဲ့သို့သော နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းဆောင်ရည်အရေးပါလှကြောင်း။

နိုင်ငံတော်အကျိုးပြု

ပါရဂူဘွဲ့ ရ ပုဂ္ဂိုလ်များအနေဖြင့်လည်း နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးသည့် ပညာရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ၊ အခြေခံကောင်းများအပေါ်မှာ မိမိတို့၏ ပိုင်ရှင်စွဲပညာရပ်အခြေခံများ၊ ဆရာ၀န်မနစ်သည်ခွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအား ထုတ်မှု စွမ်းဆောင်ရည်များ၊ ခိုင်မာသည်သန့်ရှင်းစိတ်ဓာတ်များ၊ မြင့်မားသော ပညာရေးရည်မှန်းချက်များ ပေါင်းစည်းပြီး နိုင်ငံတော်အတွက် အကျိုးပြုကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ပါရဂူဘွဲ့ ရဂိုကြသည် ပညာရှင်များအား လုံးကယနေ့ကျင်းပသည့် နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှောက်မှုကို ထိုက်ထိုက်တန်တန်ယူပြီး မိမိတို့ဆုတ်ခွဲးရဲရဲခဲသည် ပါရဂူဘွဲ့ များနှင့် ယှဉ်တွဲဖြစ်ထွန်းလာသည့် အဆင့်မြင့် ပညာရပ်များ၊ တန်ဖိုးမဖြတ်နိုင်သည့်အဆွဲ အကြွများ၊ သုဓာသန့်တွေ့ ရှိရှုကျက်များကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တန်ဖိုးရှိရှိ အသုံးပြုပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆေါ်ထွန်းလာရေးအတွက် တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြား လိုကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီစစ်ရေးတေးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

၂၀၀၄ ခုနှစ် မတ် ၂၇ရက်တွင်ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီဆောင်ပြိုင်ပွဲနှင့် ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်း သာသတ်မှတ်ထား ပြီး စစ်ရေးဆောင်ပြိုင်ပွဲ အနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂)နှစ်ဆင့် သတ်မှတ်ထား သည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ အပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲစေ်းသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးဆောင်ပြိုင်ပွဲ စစ်ချီဆောင်ပြိုင်ပွဲတွင် အဆင့်ခွဲခြားထားမှုမရှိဘဲ အလွတ်တန်း အနေဖြင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

စစ်ရေးပြိုင်ပွဲတွင် အဆင့်(၁)၊ အဆင့်(၂) အတန်းနှစ်တန်း ခွဲခြားယှဉ်ပြိုင်စေမည်။

စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ (၅၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်တို့အပြင် ရေးဆတ်တပ်မတော်၊ တော်လှန်ရေးခေတ်တပ်မတော်၊ လွတ်လပ်ရေးရပြီးခေတ်တပ်မတော် စသည့် တပ်မတော်တစ်ခုခုအား ဂုဏ်ပြုရေးစပ်သီကုံးရမည်။

စစ်ချီဆော်အတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးဆောင်တွင် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထား ပြီး အဆင့်(၁) ရှိသူ ဂီတစာဆို နှင့် တေးသရုပ်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ထို့အပြင် စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦး၊ ချင်းသော်လည်း၊ ကောင်း၊ အဖွဲ့အစေ့ဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲဝင် စစ်ချီတေး သီချင်းများသည် စစ်သီချင်း၊ စပ်ထုံးစပ်ညှိ၊ စနစ်များနှင့်အညီ ကိုက်ညီရမည်။

စစ်ရေးဆောသီချင်းများသည် မြန်မာတေးသွား၊ မြန်မာဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီစစ်ရေးတေးအား လုံးသည့် ကိုယ်ပိုင်သံစဉ်တေးသွား ဖြစ်ရမည်။ မြန်မာတေး၊ စပ်ဆိုနည်းများနှင့်အညီ အပိုဒ်၏ အဆုံးချကာရန်များ တူညီရမည်။ အချိန် လေးမိနစ်မှ ခြောက်မိနစ် အတွင်း သာဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံသော အဆိုနှင့် သင်တင်းသော တီးခတ်သူများဖြင့် ပဏာမ ပါဝင်ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ(သို့မဟုတ်) REEL ခွေ(သို့မဟုတ်) Digital Auto Tape တစ်ခွေတွင် တေးသီချင်း တစ်ပုဒ်သာ အသွင်း၊ ယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင်လျော်သလိုပေး နိုင်သည်။

ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်ဒိုစက် မိတ္တူ ၁၀ ရွက်နှင့် MUSIC NOTES မူရင်းတစ်ခွက်ကို ကက်ဆက်တိပ်ခွေ (သို့မဟုတ်)REEL ခွေ (သို့မဟုတ်) Digital Auto Tape တစ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပြိုင်ပွဲဝင်တော်ရေးသူ၊ တေးဆို့သူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်ချုပ်နှင့် ရောင်စုံပတ်(စ်)ပို အရွယ် ၁ လက်မခွဲ x၂ လက်မ ဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။

ပဏာမ ရွေးချယ်ခြင်း၌ ရသများအား အကြောင်းကြား မည်။ ပဏာမ ရွေးချယ်ခံတေးများသည် အပြီးသတ် ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည် အသံသွင်း ပြီး အသံသွင်းကြေးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေးဆောင်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ မြန်မာ့အသံခန့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်ပြို့သို့ ပေးပို့ ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

စမ်းချောင်းလမ်း ၁၀ ရက်တရားစခန်းဖွင့်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်၊ အနာဂါမဲ့ ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်ဖြင့် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရား တော်ကြီးကို ကမ္မဋ္ဌာန်းဆရာဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉၊ ဒုတိယလွှာတွင် ဒီဇင်ဘာ ၂၁ရက်မှ ၃၀ရက်ထိ နေ့စဉ်မွန်းတည် ၁၂နာရီမှ ညနေ ၅နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အား ထုတ်နိုင်ကြောင်း နှင့် နေ့စဉ် ညနေ ၆နာရီခွဲမှ ည ၈နာရီထိ မည်သူမဆို လာရောက်အား ထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး၊ ဒဇင်ညွှန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဒဇင်ညွှန့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ ရသူများအား ဂုဏ်ပြုသည့် အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါရဂူဘွဲ့ ရသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဒဇင်ညွှန့်က ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ဦးနှင့် မန္တလေးတက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ တိုအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ် မန္တလေးမှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူခြောက်ဦး၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၇ဦးနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ကိုးဦးတို့အား လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၆ဦး၊ တို့အား လည်းကောင်း၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပါရရှိသူ၊ ရသူများ၊ ကိုယ်စား ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ တွဲဖက်ပါဓောဏ္ဍ အထူးကုဆရာဝန်ကြီး ဒေါက်တာနေ၀င်းက ကျေးဇူးတင်စကား ပြောကြား သည်။

ဝင်းသူဇာအရောင်းဆိုင်သစ် ရန်ကင်းပြို့နယ်တွင်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ဆော ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိသာစွာဖြင့် ရောင်းချ ပေးရေးအတွက် ဝင်းသူဇာအရောင်းဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား ကို ယနေ့ ခုနစ်ကုန်ရှိခဲ့တွင် ရန်ကုန်ပြို့ ရန်ကင်း မြို့နယ် စက်မှု(၁)လမ်း၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲအခမ်း အနား သို့ အမှတ်(၁) စက်မှုခန့်ကြီး ဌာနမှ ညွှန်ကြား ရေးမှူးချုပ်များ၊ စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြား ရေးမှူးများနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်များ တက်ရောက် ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၂-၂၀၀၃ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊နတ်တော်လပြည့်ကျော် ဈေးဂ်် (ဥပုသ်နေ့)

နံနက်ပိုင်း

၆:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိဂုံးတော် သံဃမဟာနာယကာအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓမ္မမဟာရဋ္ဌဂုရု အာဘိဓမ္မ အဘိဓမ္မာ အဘုရား သဒ္ဓမ္မ ဇောတိကာ၊ တိပိဋကရ ဈေ မွေဘဏ္ဍာ ဂါရိတ ဆရာတော် ဘဒ္ဒန္တ ဝိစိဋ္ဌသာရာဘိဝံသ၏ ပရိတ်တရားတော်

၆:၂၅ ၂။ ကျန်းမာဖွံ့ဖြိုးအတူကစား၌

၆:၃၀ ၃။ နံနက်ခင်းသတင်း

၆:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၆:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ အကပြိုင်ပွဲ

၈:၁၀ ၇။ နေ့ခင်းစောင်းတေးပဒေသာ

၈:၂၀ ၈။ သုံးဆယ်ရေလှောင်တမဲ

၈:၃၀ ၉။ International News.

၈:၄၅၁၀။ Grammar Made Easy.

၉:၀၀၁၁။ အစီအစဉ်ပြီး၏။

ညနေပိုင်း

၃:၁၅ ၁။ ၂၀၀၃ခုနှစ် (၄၂)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဇလား တပ်မတော် (ကြည်း)၊ ရေ(လေ)ဘေလုံး ပြိုင်ပွဲ တို့ကိုရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒုတိယအကြိမ်ထိလုပ်ပွဲ)

၅:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၅:၃၀ ၃။ ခဲစား၊နား၊ဆင်တေးဇာတ်ဝင်

၅:၄၅ ၄။ ဆုံကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၅။ ညနေခင်းသတင်း

၇:၀၀ ၆။ မီး၊လေးသအခြေအနေ

၇:၀၅ ၇။ Milo Success in Soccer.

၇:၁၀ ၈။ ဇာတ်ကြာအစီအစဉ်

၇:၂၀ ၉။ ကြေးမုံရိပ်သွင်တေး၊နယ်ဒွေး

၇:၃၅၁၀။ အချုပ်အခြာအာဏာခွန်ရှည်ကြာ ခိုင်မာစေမှု ဒီရေရှု (ကိုယ်ထီးကိုယ်နန်း ကိုယ်ကြေးနန်းဖြင့် ခမ်းနားထွန်းပေါ်မြန်မာနိုင်ငံတော်)

၈:၀၀၁၁။ ပြည်တွင်းသတင်း

၁၂။ နိုင်ငံတကာသတင်းများ

၁၃။ မီး၊လေးသအခြေအနေ

၁၄။ **နိုင်ငံခြားဓာတ်လမ်းတဲ့ တံမှယူလို့ (အပိုင်း–၂)**

၁၅။ CalcioSerieA Highlight.

၁၆။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိဋ္ဌသာရာဘိဝံသ၏ အရပ်ဆယ်ဖက်ဂုဏ်အရောင်ဖော်ဘာဝနာဟူးများမြွေး၊ တရားတော်**

၁၇။ နေ့ဝက်တစ်နေ့အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုးပြည့်အကျိုး

အခွင့်အရေး ကျင်းပ

စတုတ္ထအကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေး အဆင့်မြင့် အရာရှိများ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ

ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့မှ (၁၈)ရက်နေ့

စတုတ္ထအကြိမ်

တိုင်းရင်းဆေးနှင့်ဆေးပန်းပြည်ပြမွဲ

တပ်မတော်ခန်းမ

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့မှ (၂၆)ရက်နေ့

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် စာရင်းရှိပွဲတွင် ရန်ကုန်ဖြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ ညီလာခံကိုယ်စား လှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်ဖြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းရင်းများက စာတမ်းပေါင်း ၂၅ ခွေင်ကို ဖတ်ကြားကြမည်ဖြစ်သည်။

စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ဒီဇင်ဘာ ၁၇ရက်မှ ၂၆ရက်အထိ ရန်ကုန်ဖြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်ကျင်း ပြသမည်ဖြစ်သည်။

(သတင်းစဉ်)

*** စတုတ္ထအကြိမ်မြောက်မှ**

အာဆီယံနိုင်ငံများမှ သဘာပတိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ အဖွဲ့ခေါင်းဆောင် အဆင့်မြင့်အရာရှိများနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်က အမှာစကား ပြောကြားရာ၌ အာဆီယံအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ၁၉၉၇ခုနှစ် မေလ၌ ရှာနိုင်ငံ ဆူဘန်တွင် ကျင်းပခဲ့သည့် ဝန်ကြီးအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေး အစည်းအဝေးကျင်းပပြီး ဝန်ကြီးအဆင့် အစည်းအဝေးများကို နှစ်နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျ ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြောင်း၊ ဝန်ကြီးအဆင့် အစည်းအဝေးများမကျင်းပမီ အဆင့်မြင့်အရာရှိများ အစည်းအဝေးများကိုလည်း နှစ်စဉ် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြောင်း။

နိုးကပ်စွာပူးပေါင်း

အာဆီယံနိုင်ငံများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေး ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား၍ သာဖြစ်ကြောင်း၊ ထို့ အပြင် globalization ကြောင့် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ကျော်လွှား၍ အခွင့်အလမ်းများကို ရရှိနိုင်စေရန် စီးပွားရေးကို နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လာလျက်ရှိမှုကို သဘောမေါက်ထားကြပြီးလည်း ဖြစ်ကြောင်း၊ အာဆီယံအသင်းကြီး၏ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ် ဦးစားပေးမှု အဓိကဉာဏ်များကို ဆောင်ရွက်ရာတွင် အာဆီယံအဆင့်မြင့် အရာရှိကြီးများအနေဖြင့် နိုင်ငံအစိုးရများအလိုက် ချမှတ်ဆောင်ရွက်လျက်ရှိကြသည် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေး မဟာဗျူဟာများကို အဆောင်အထည်ဖော်မှုဆိုင်ရာတွင် အတွေ့အကြုံကောင်းများကို ဖလှယ်နိုင်လိမ့်မည်ဟု ယုံကြည်ကျွန်ုပ်လင်ကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပခွင့်ရသည်အတွက် ကျေးဇူးတင် ဝမ်းမြောက်မိကြောင်း၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိများအနေဖြင့် အရှေ့ဆောင်အာရှဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပယ်ပျောက်ရေးလုပ်ငန်း အတွေ့အကြုံနှင့် အခြင်ချင်းဖလှယ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ကြမည်ဟု မျှော်လင့်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများသည် ပထဝီဝေမြေမျက်နှာပြင် အမျိုးမျိုးတွင် တည်ရှိခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးများနေထိုင်သည့် ဒေသများသည် ထာဝစဉ်တန်းဒေသများ၊ အပူပိုင်းဒေသများနှင့် ကမ်းရိုးတန်းဒေသများ ပါဝင်သည်အတွက် ဖွံ့ဖြိုးမှုအပိုင်းတွင် အားနည်းချက်များ ရှိနေကြောင်း၊ ဒေသန္တရ အခက်အခဲများအပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ခုနှစ်ကစ၍ လမ်းပန်း ဆက်သွယ်မှုခက်ခဲသည့် နယ်စပ်ဒေသများတွင် လက်နက်ကိုင် သောင်းကျန်းမှု ပြဿနာများ ဆေါ်ပေါက်ခဲ့ခြင်းကြောင့်လည်း ဖွံ့ဖြိုးမှု နောက်ကျကျန်နေခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဆောင်းကျန်မှုသည် နှစ်ဆပေါင်း ၄၀ခန်၊ ကြာမြင့်ခဲ့ပြီး ၁၉၈၉ခုနှစ်ကျမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိခဲ့ကြောင်း၊ တစ်ဖြိန်ဖြိန် လုပ်ငန်းများသည် ၁၉၈၉ခုနှစ်ကစပြီး အေးချမ်းလာခြင်းကြောင့် တိုင်းရင်းသား ဒေါင်းဆောင်များသည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးများကို ကြိုးပမ်းဆောင်ရွက်လာကြကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်အဝန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ကို ချမှတ်ဆောင်ရွက်နေကြောင်း၊ ယင်းစီမံကိန်းကြီးများမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဇုန် စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်က မဖွံ့ဖြိုးသေးသည့် နယ်စပ်များကို ဖွံ့ဖြိုးစေရန် နိုင်ငံတော်အကြီးအကဲများ ပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့ စည်းပြီး စနစ်တကျ အကူအညီပေးဆောင်ရွက်ခဲ့ကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ၏ အကူအညီမပါဝင်ခဲ့ကြောင်း၊ အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး အခြေခံကစပြီး အဆောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးရေး

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ၁၉၈၉ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပင်မမဟာဗျူဟာကို ၁၉၉၃–၂၀၀၆ ဘဏ္ဍာနှစ်အထိ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပင်မစီမံကိန်းတွင် နှစ်တို၊ နှစ်လတ်စီမံကိန်းများ ပါဝင်ပြီး ဒေသအလိုက် ဘက်စုံဖွံ့ဖြိုးရေးများ ဆောင်ရွက်သွားခဲ့ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည်ဟုယူဆစီဖွာရေးအခြေခံအဆောက်အအုံဖြစ်သော လမ်းဖောက်လုပ်ခြင်း၊ တံတား၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ တည်ဆောက်ခြင်းကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်က နယ်စပ်ဒေသတွင် မြေလမ်းသာရှိခဲ့ရာက ယနေ့အခြေခံကစတင်ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ သမဏိတံတား၊ ကြိုးတံတား စသည်ဖြင့် ရှိနေပြီဖြစ်ကြောင်း၊ ပညာဗဟုသုတ ဘုံဘွားရရှိစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးရေး အတွက် နယ်စပ်ဒေသက ကျေးရွာနှင့် ပြို့များတွင် မူလတန်းအဆင့်ကစပြီး စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ ဆေးလက်ကျန်မာစေရေး ဆေးပေးခန်းများ တည်ဆောက်ဖွင့်လှစ်ပြီး တိုက်နယ်ဆေးရုံများ တည်ဆောက်ပေးသည်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် နယ်စပ်ဒေသများတွင် လမ်းမိုင် ၅၀၀၀ ခန့် ဖောက်လုပ်ပြီးစီးခဲ့ပြီး တံတား ၈၄၀ခင်း၊ အခြေခံပညာ စာသင်ကျောင်း ၈၀၀ ကျော်၊ ဖွင့်လှစ်ခဲ့ပြီး ကျောင်းသူ၊ ကျောင်းသားဦးရေ လည်း တစ်သိန်းခန့် ထိ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ကျန်းမာရေး ဆောင်ရွက်မှုအပိုင်းတွင်လည်း ဆေးရုံ ၅၂ ရုံနှင့် ဆေးဆေးခန်းငယ်ပေါင်း ၁၁၀ထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရက ၂၀၀၃ခုနှစ်အထိ ကျပ်သန်းပေါင်း ၄၉၀၆၅ ကျော် သုံးစွဲခဲ့ကြောင်း။

အထူးဖွံ့ဖြိုးရေးဇုန်

မြန်မာနိုင်ငံအဝန်း ဖွံ့ဖြိုးမှုလိုအပ်နေသည့် နေရာများ မကျန်ရှိရအောင် နိုင်ငံတော်အစိုးရက အထူးဖွံ့ဖြိုးရေးဇုန် ၂၄ခုကိုလည်း ရွေးချယ်သတ်မှတ်ပြီး ဒေသအလိုက် မျှမျှတတ ဖွံ့ဖြိုးရေးများ ဆောင်ရွက်ဆေးနေကြောင်း၊ အထူးဖွံ့ဖြိုးရေးနှစ်များမှာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကတ္တသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်၊ နှုတ်ပင် ၂၀၀ ဆဲ့ ပြည်သူ့ဆေးရုံ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်ဘဏ္ဍာစိုးမှ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားသော ဒေသများ ဖြစ်ကြောင်း၊ ဤသို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဘဝအဆင့်အတန်းများ မြင့်တက်လာခဲ့ကြောင်း၊ ဥပမာအားဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ဒေသခံပြည်သူများ၏ ပျမ်းမျှဘဝသက်တမ်းမှာ ၅၅ နှစ်ခန့်သာ ရှိခဲ့ရာမှ ယခုအခါ ၆၀ နှစ်ကျော်အထိ ရှည်လျားလာခဲ့ကြောင်း၊ ကလေးသေဆုံးမှုနှုန်းမှာလည်း ၁၀၀၀ မွေးဖွားမှုတွင် ၁၀၀ ခန့်ရှိခဲ့ရာမှ ယခုအခါ ၆၀ ခန့်သာ ရှိတော့ကြောင်း၊ ဤသို့ဖြင့် ဒေသခံများ၏ ဘဝအဆင့်အတန်းများ မြင့်တက်လာခဲ့ကြောင်း၊

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မိတ္ထိလာစက်မှုဇုန်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၅

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒီဇင်ဘာ ၁၃ရက် ၁၀နာရီတွင် မိတ္ထိလာစက်မှုဇုန်ခန်းမဆောင်သို့ ရောက်ရှိလာပြီး မိတ္ထိလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထိလာစက်မှုဇုန်တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များအား တွေ့ဆုံ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များမှ စက်မှုထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသည်တင် ဘတ်စ်ကားများနှင့် ၁၀တန်အထက် ကုန်တင်ယာဉ်ထရပ်ကားများ ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

မှာကြား

မိတ္ထိလာစက်မှုဇုန်ဖွဲ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မိတ္ထိလာစက်မှုဇုန်၊ အခြေအနေများ၊ ဆက်သွယ်ရေးဆောင်ရွက်ထားရှိမှု၊ သွင်းကုန်အစားထိုးဆောင်ရွက်မှုလုပ်ငန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စက်မှုဇုန်ခိုင်မာလန်းဖိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်၏ စက်မှုကဏ္ဍ(၅)ခုစီခန့်ချက်၊ ပပို၊ ပဓနများရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား၊ သည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထိလာစက်မှုဇုန်မှ ထုတ်လုပ်သော လယ်ယာသုံးစက်မှုပစ္စည်းများ၊ ထိလာမော်ဆော်ယာဉ်များ ထုတ်လုပ်မှုအခြေအနေနှင့် ၁၀တန်အထက် ကုန်တင်ယာဉ်များ တပ်ဆင်ထုတ်လုပ်မှုအခြေအနေများကို စက်မှုဇုန်အတွင်း လုပ်လည်ကြည့်ရှုစစ်ဆေး၍ မိတ္ထိလာစက်မှုဇုန် ဖွဲ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီနှင့် စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကြမည့် အားကစားသမားများအတွက် အလှူငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာဆီယံနိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် မသန်စွမ်း အားကစားသမား များအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများ လက်ခံရယူသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား၀န်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်လူဒါန်းပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင်က အားကစား၀န်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြည်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးသောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြင့်ဆွေ

တာရီလိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး

လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးရှိ သားဖွားမီးယပ်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ပို့ပြိုးရေးကောင်စီ လက်ထက် ပြစ်တွန်း တိုးတက်လာသည့် ကျန်းမာရေးကဏ္ဍ ရလဒ်ကောင်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၃
ဆေးရုံ	၆၃၁	၇၇၄
ဆေးပေးခန်း	၂၄၇	၄၂၉
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
တိုင်းရင်းဆေးခန်း	၉၉	၂၁၄
ဆရာဝန်	၁၂၂၆၈	၁၆၅၇၀
သွားဘက်ဆိုင်ရာဆရာဝန်	၈၅၇	၁၂၁၁
လက်ထောက်ကျန်းမာရေးမှူး	၁၂၃၈	၁၇၁၉

အကြောင်းအရာ	၁၉၈၈	၂၀၀၃
သွားဘက်ဆိုင်ရာသူနာပြု	၉၆	၁၀၃
ကျန်းမာရေးဆရာမ	၁၅၅၇	၂၅၅၀
သူနာပြု	၈၃၄၉	၁၅၄၈၂
သားဖွားဆရာမ	၈၁၂	၁၄၀၉၄
တိုင်းရင်းဆေးဆရာ	၂၉၀	၆၀၆

၁၉၈၈ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ကျန်းမာရေးကဏ္ဍအတွက် ကျခံသုံးစွဲငွေကျပ်သန်းပေါင်း – ၁၈၇၀၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ခုတင် ၂၀၀ ဆံ့ အထူးကု ဆေးရုံ

မြိတ်မြို့နယ် ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး

ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပြည်နယ်နှင့်တိုင်းအဆင့် အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရသ အားကစားသမားများက ဒိုင်းဆုများကို အပ်နှံစဉ်။ (ရန်ကုန်တိုင်း)

ရခိုင်ယဉ်ကျေးမှုနှင့် ရိုးရာအားကစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

ရခိုင်ယဉ်ကျေးမှုနှင့် ရိုးရာအားကစားပွဲတော်ကို ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နံနက်ဂုနာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ကျင်းပ

ရခိုင်ယဉ်ကျေးမှုနှင့် ရိုးရာအားကစားပွဲတော်တွင် ရခိုင်ရိုးရာကျင်ပွဲ၊ ရခိုင်ရိုးရာရထားပွဲ၊ ရခိုင်ရိုးရာအဆိုအကဖြေဖျော်ပွဲ၊ ရခိုင်ဆိုင်ရာ စာအုပ်စာတမ်း ရောင်းချပွဲ၊ ရခိုင်ရိုးရာမုန့်မျိုးစုံရောင်းချပွဲနှင့် ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စုစမ်းနိုင်

ရခိုင်ရိုးရာ ကျင်ပွဲ၌ ပထမဆုရွေးမောင်းတန်း ရွေတစ်ကျပ်သား၊ ရခိုင်ရိုးရာ ရထား၌ ပထမဆုကျပ်ကျစ်တစ်သိန်း၊ ဆုချမည်ဖြစ်၍ ယှဉ်ပြိုင်လိုသူများ၊ ဈေးရောင်းလိုသူများသည် ဒေါ်နုမြစ် (၆၆/၇၄) ပြည်လမ်း ၃၇ မြို့နယ် ဖုန်း–၃၇၁၅၃၃ သို့ ဆက်သွယ်စုစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ အချို့သားရေး ဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အချို့သားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဧကန်မလွဲဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပိုင်းဝန်းကြိုးပမ်းရေး။

MYANMAR GOLF TOURS
maruman
Golf Classic
YANGON

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် မအူပင်ခရိုင် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက မအူပင်–ချောပုလမ်း တစ်လျှောက် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ မွေစပါးစိုက်ပျိုးရန် ထွန်ယက်ပျိုးထောင်နေမှု၊ ဆောင်းသီးနှံနှင့် ပဲအမျိုးမျိုးစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များမြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုနောက် တိုင်းမှူးသည် ဖျာပုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ဖျာပုခရိုင်နှင့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြိုးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံကာ ရောဝတီတိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခရိုင်အလိုက်အနေဖြင့် ဆွေစပါး၊ စိုက်ရန် လျာထား ကေပြည်မီကျော်လွန်း အောင် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ တောင်သူများ၏ လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ စိုက်ကေပြည်မီ ကျော်လွန်ရေးနှင့် အထွက်နှုန်း ကောင်းမွန် ရေး အတွက် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေး မှာကြား သည်။

ဖျာပုခရိုင်အနေဖြင့် မိုးစပါး ၇၄၇၇၆ ဧက စိုက်ပျိုးခဲ့ရာ ယခု အထိရိတ်သိမ်းပြီး ၂၂၄၆၁၂ ဧကခန့် ရာနှုန်းအား ဖြင့် ၃၀ ဒသမ ၁၆ ရာနှုန်း ရှိပြီး တစ်ဧကအထွက်နှုန်း ၇၈ ဒသမ ၃၄ တင်း ရှိကြောင်း၊ နှင့် ၂၀၀၃–၂၀၀၄ ခုနှစ်နွေစပါးလှာထား ဧက ၄၁၅၇၁ အပေါ် ယခုအထိ ၉၇၆၀၂ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကြိမ်မဝင်းဆယ်ကျေးရွာသို့ ရောက်ရှိပြီး ကြိမ်ဝင်းဆယ်ကျေးရွာနှင့် ကျီးကန်းသိုက်ကျေးရွာအကြား၌ မြစ်ရေတိုက်စား မှုကာကွယ်ရေးအတွက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့မှ ဆောင်ရွက်လျက်ရှိသော ကမ်းဆယ်နုန်း တင်တိုင်များ ရိုက်သွင်းချည်နောင်ခြင်း၊ ဓရေနက်အိုးမြေသား မြည် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြစ်ကမ်းပါးတစ်လျှောက် လုပ်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်း လိုအပ်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြ ချက်များအပေါ် တိုင်းမှူးက လိုအပ် သည်များ ညွှန်ကြားပြောဆို ဆောင် ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၄ ရက်က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး (၂၇)ကြိမ်မြောက် သွေးလှူရှင်များနေ့နှင့် သွေးလှူရှင်များအား ဝုတ်ပြွတ်ပွဲတွင် အကြိမ် ၁၀၀ နှင့်အထက် သွေးလှူရှင်တစ်ဦးအား ဝုတ်ပြွတ် မှတ်တမ်းလွှာချီးမြှင့်စဉ်။ (သတင်းစဉ်)

MARUMAN GOLF CLASSIC
ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲကျင်းပပြီးဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

Myanmar P. G.A နှင့် **မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်တို့က ကြိုးပမ်းကျင်းပသော မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003) ၏ ပဉ္စမပွဲစဉ် Maruman Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကွင်း တည်းကုန်၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းကစား အပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက် ကျင်းပသည်။

ဆက်လက်၍ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးလွေထွန်းလှိုင်က အမျိုးသား အမျော်တမ်းပြိုင်ပွဲ တွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ကို ချီးမြှင်းရာ ပထမနေ့ အကောင်းဆုံး ရိုက်ချက်ဆုကို ဇော်ဇော်ဝင်းနှင့် သိန်းဇော်မြင့်တို့က စုစုပေါင်း ရိုက်ချက် ၇၃ ချက်စီဖြင့် လည်းကောင်း၊ ဒုတိယနေ့ အကောင်းဆုံး ရိုက်ချက်ဆုကို လှမျိုးက စုစုပေါင်း ရိုက်ချက် ၇၂ ချက်ဖြင့်လည်းကောင်း၊ တတိယနေ့ အကောင်းဆုံး ရိုက်ချက်ဆုကို မျိုးဇင်အောင်က စုစုပေါင်း ၇၃ ချက်နှင့် စတုတ္ထနေ့ အကောင်းဆုံး ရိုက်ချက်ဆုကို အောင်အောင်ကျော်က စုစုပေါင်း ရိုက်ချက် ၇၄ ချက်ဖြင့်လည်းကောင်း အသီးသီး ရရှိထားကြသည်။

ဆက်လက်၍ Rothmans Of Pall Mall Myanmar Pte., Ltd. မှ Operation Director Mr. Lai Wei Chin က Professional Golfers ပြိုင်ပွဲတွင်လည်း နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသည့် ပထမနေ့ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West)နှင့်မြင့်ဆောင်း (K.M. Golf Centre)တို့က ၇၁ ချက်စီ၊ ဒုတိယနေ့ပြိုင်ပွဲတွင် ဝင်းထွေးလှိုင် (Srixon) က ရိုက်ချက်၇၀၊ တတိယနေ့ပြိုင်ပွဲတွင် မြင့်သောင်း (K.M Golf Centre)၊ ဝင်းထွေးလှိုင် (Srixon) နှင့် ဇော်ဇော်လတ် (Pan-West)တို့က ၇၄ ချက်စီဖြင့် ပူးတွဲရရှိကာ စတုတ္ထနေ့ပြိုင်ပွဲတွင် ဇော်ဇော်လတ်က ရိုက်ချက် ၇၀တိုဖြင့် လည်းကောင်း၊ Maruman ဌာနေကိုယ်စား လှယ် ဦးမောင်မောင်မြင့်က အမျော်တမ်းအဆင့်တွင် စုစုပေါင်း ၃၀၁ ချက်ဖြင့် ဗိုလ်ခွဲသွားသည့် သိန်းဇော်မြင့်၊ စုစုပေါင်း ရိုက်ချက် ၃၀၇ ချက်ဖြင့် ဒုတိယရရှိသော မျိုးဇင်အောင်နှင့် စုစုပေါင်းရိုက်ချက် ၃၀၈ ချက်ဖြင့် တတိယရရှိသော အောင်အောင်ကျော်တို့အား လည်းကောင်း ဆုများချီးမြှင်းကြသည်။

ယင်းနောက် Myanmar P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၅ ချက်ဖြင့် ဗိုလ်ခွဲသွားသည့်မင်းနိုင် (Srixon) **(အပေါ်ပုံ)** စုစုပေါင်း ရိုက်ချက် ၂၉၈ ချက်စီဖြင့် ပူးတွဲရရှိသည့် စိုးကျော်နိုင် (Pan-West)နှင့် ဇော်ဇော်လတ် (Pan-West)တို့အား လည်းကောင်း၊ Professional Golfers ပြိုင်ပွဲတွင် ဗိုလ်ခွဲသွားသော မင်းနိုင် (Srixon)အား ဆုကြေးငွေ ချက်လက်မှတ်တို့ကို Rothmans Of Pall Mall Myanmar Pte., Ltd မှ Joint Deputy မန်နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးသိန်းအောင် (ငြိမ်း)က ပေးအပ်ပြီး ရန်ကုန်ဂေါက်ကွင်းဆို ဂုဏ်ပြုအမှတ်တရ လက်ဆောင်ကို Rothmans Of Pall Mall Myanmar Pte., Ltd မှ Finance ဒါရိုက်တာ Mr. Foo Cheik Kaing က ပေးအပ်ချီးမြင့်ရာ ရန်ကုန်ဂေါက်ကလပ် အတွင်းရေးမှူး ဦးအေးချိုက လက်ခံယူသည်။

ယင်းပြိုင်ပွဲသို့ Rothmans Of Pall Mall Myanmar Pte., Ltd. က အဓိက ပံ့ပိုးပြီး Title Sponsor အဖြစ် Maruman Kaung Myat Co.,Ltd ကလည်းကောင်း၊ Official Air Line အဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear)က လည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein(Alpine)ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre, Maruman နှင့် Wilson တို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် ACCEL International Co.,Ltd (Canon) ကလည်းကောင်း၊ Official Paint Supplier အဖြစ် U.P.G Paint ကလည်းကောင်း၊ Hole In One ဆုကို Maruman-Kaung Myat Co.,Ltd က လည်းကောင်း၊ ပြိုင်ပွဲကိုလက်ခံ ကျင်းပပေးသော ရန်ကုန် ဂေါက်ကွင်းအား လည်းကောင်း အသီးသီး ထပ်မံပံ့ပိုး ကူညီကြသည်။

ပဉ္စမပွဲစဉ် Maruman Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သမဝါယမဓနိကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဆွေဦးနှင့် မွေးဖြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ဒီဇင်ဘာ ၁၃ရက်က ပန်းတနော်ပြိုနယ် ရောရွေနော် စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်း၏ သင်ဗျာနှင့် သစ်ထည်ပစ္စည်း အရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း နှစ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၄ရက် ညနေ ၅နာရီတွင် ရန်ကုန်ပြို ဆူးလေဘုရား လမ်း၌ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များထ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်း-စဉ်)

တောင်ကြီးကောလိပ်
ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏
ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ပဉ္စမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စုံစည်ညီညွတ် တက်ရောက်ကူညီလိုယုကြပါရန် လေးစားစွာ ဖိတ်ကြား-အပ်ပါသည်။

(နေ့,လယ်စာ- ပဲထမင်း,နှင့် ကြက်သားဟင်း)

နေ့,ရက် - ၂၁-၁၂-၂၀၀၃(တနင်္ဂနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ကမ္ဘာ့သောသနာ့ဝီဇမာန်
အမှတ်(၇၁-က/ခ)၊ ရောဘာရှည်လမ်းမောင်း၊ ပြို့မရပ်၊ ဗဟန်းပြို့နယ်၊ ရန်ကုန်ပြို့။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
အမှတ် (၂၅) နတ်စင်လမ်းမကြီး(သိတာလမ်းဆုံးဆီ)ကျောက်မြောင်း
တာမွေခန်းကုန်း ☎-542311 ၊ 09-5002003

ဝန်ထမ်းအလိုရှိသည်။ (မြည်တွင်းဌာနခွဲ,ထားရန်)
(၁) **ရုံးဝန်ထမ်း** (Admin) ၊ ၈ (၁)ဦး
Computer Excel, Words, Pagemaker အသုံးပြုတတ်ရမည်။
ဆက်ဆံရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လတ်ရမည်။
ဘွဲ့ရ၊ အသက်(၂၅-၃၄)နှစ်အတွင်း
(၂) **အရောင်းစာရေး** ကျား (၁)ဦး
ဆက်ဆံရေးကောင်းမွန်ပြီး သွက်လက်ဖြတ်လတ်ရမည်။
(၁၀)တန်းအောင် (သို့) ဘွဲ့ရ အသက်(၁၈-၃၀)အတွင်း
(၃) **ပုံနှိပ်စက်ခွံတွင်ရုံးလုပ်ငန်းလုပ်ဆောင်ရန်** ကျား (၁)ဦး
ဘွဲ့ရ၊ အသက်(၂၅-၄၀)နှစ်အတွင်း။ ကျန်းမာရေးကောင်းမွန်ရမည်။
လျှောက်ထားလို သူများသည် ပညာအရည်အချင်း၊
အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊
အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ ကြော်ငြာပါသည့်
နေ့မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ ဆက်သွယ်လျှောက်ထား-
နိုင်ပါသည်။
အမှတ် ၁၄၈(C)၊ မွေစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်ပြို့။
ဖုန်း - ၅၂၆၃၉၀၊ ၎၂၃၉၉၃

စံပြသစ်တောကျေးရွာများ တည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အထောက်အကူပြု စံပြသစ်တောကျေးရွာများ တည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီတွင် ပဲခူးတိုင်း ပြည်ပြို မင်္ဂလာဥယျာဉ်ခန်း၊ မဲ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ဦးသိန်းက အမှာစကား ပြောကြား-သည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁၃ရက်တွင် နတ်တလင်းပြို နယ်ဟော်ဘင်ကြီးပိုင်းအတွင်း ရှိ သစ်တောကျေးရွာသို့ ဧရာဂါရှိ၍ ကျေးရွာစာသင်ကျောင်း စာကြည့်တိုက်နှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေး-သည်။

ထို့နောက် ကျွန်းအထူးစိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ နတ်တလင်းပြို နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ၂၀၀၃-၂၀၀၄ ခုနှစ် ကျွန်းအထူးစိုက်ခင်းအတွက် ပြင်ဆင်ထား-ရှိမှု အခြေအနေများနှင့် မြန်မာ့သစ်လုပ်ငန်း၏ ဒီးကုန်းဒေသ သစ်ထုတ်လုပ်ရေးမန်နေဂျာက ယျာထား-ချက်နှင့်အညီ သစ်ထုတ်လုပ်ပြီး၁.စီ.မှ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြား-သည်။ (သတင်း-စဉ်)

ပြောင်တုန်းပြို့နယ်အသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဆောင်တုန်းပြို့နယ်အသင်း(ရန်ကုန်)၏ (၆၅)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အသက်(၇၅) နှစ်နှင်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၂-၂၀၀၃ တက္ကသိုလ်ဝင်စာမေးပွဲ ဝုတ်ထူးရှင်များ ဆုချီးမြှင့်ပွဲတို့နှင်အတူ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနေ့) နံနက် ၇နာရီမှ ၁၁နာရီအတွင်း ရွှေတိဂုံစေတီတော်ဆောင်ဘက်မုခ် စာရင်းစစ်မှူးရုံး ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့် အသင်းဝင် သက်ကြီးများ၊ ဝုတ်ထူးရှင်များ စာရင်းကို အသင်းတိုက် အမှတ် ၂၇၅(ပ-ထပ်) ပန်းဆိုးတန်းလမ်း ကျောက်တံတားထိပ်ရှိ နယ်ဖုန်း-၃၈၀၁၀၆သို့ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ရက် နောက်ဆုံးထား-ပေးပို့ကြရန်နှင့် အသင်းဝင်များ-နှင့် မဝင်ရသေးသူများ၊ ရန်ကုန်ရောက် ဧည့်သည်များ-နွယ်ဖွား-များအား-လုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထား-သည်။ (က-ပ)

အီလက်ထရွန်းနစ် သင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၅

လူငယ်၊ လူရွယ်များအတွက် လက်တွေ့အသုံးချ အီလက်ထရွန်းနစ်သင်တန်း (TV, VCR, VCD, CD, Satellite)၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်သင်တန်း၊ လျှပ်စစ်သင်တန်းများကိုဖွင့်လှစ်သင်ကြား-မည်ဖြစ်သည်။ သင်တန်း-တက် ရောက်လိုသူများသည် Cosmic Engineering Group Training and Service Center အမှတ် (၃၁) မမြို့ဟာရလမ်း ကျောက်မြောင်း (ဈေးကိုမြောင်းဈေးမတိုင်မီ အနီး) ဖုန်း-၅၄၃၉၈၇၇တွင် လျှောက်လွှာများ ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

မုန်တိုင်းယိ ဖြစ်ပေါ်

ရန်ကုန် ဒီဇင်ဘာ ၁၅

ယနေ့ နံနက် မြန်မာ့ဓာတ်ခိုးချိန် ၀၉:၃၀နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်ဘောင်ပိုင်းနှင့် ယင်းနှင်းဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ချင်းနိုင်ပြို (အိန္ဒိယနိုင်ငံ) အရှေ့တောင်ဘက် ဖိုင် ၂၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက် ဆီသို့ ဆွေ့လျားမည်ဟုခန်းကြား-မှ ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဘိန်းဖြူနှင့် စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် အရှေ့ပိုင်း ဆီလွှဒေသ နမ်ဝပလေ စစ်ဆေးရေးဂိတ်၌ ၂၀၀၃ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် မသက်ာဖွယ် ဆွဲ ရှိရသူ လူဆွဲ ဆော်မင်းထွန်း၊ ဖို့ဝင်းထိန်နှင့် ကျော်သိန်းတို့အား စစ်ဆေးရှာဖွေရာ ကွန်ဒုံးများဖြင့် လျှို့ဝှက်ထည်သွင်း သို့ဝှက်ထား-သည် ဘိန်းဖြူ ၁၁ ထုပ် စုစုပေါင်း အလေးချိန် ၁၁သမ ၁၇၈ ကီလို ဖမ်းဆီး-ခဲ့ပြီး ၂၀၀၃ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့ သို့ လွှဲပြောင်း-ပေး-အပ်ခဲ့သည်။

ယင်း-အမှုမှ တရား-ခံများ-ဖြစ်ကြသော အင်း-စိန်ဖြို နယ် ပေါက်တောဝေ ဦးရာမက်၏ သား လူဆွေနွင် တစ်ရပ်တည်း-နေ ဦး-မောင်နေ၏ သား ဆော်မင်း-ထွန်း၊ သဃ်န်း-ကျွန်း-ဖြို နယ် (၂)ရပ်ကွက်-နေ ဦး-ဖော်စရာထိ၏ သား ဖို့-ဝင်း-ထိန်(၃) ဆာဝင်း-ထိန်နှင့် တာမွေဖြို နယ် (၁၅၆)လမ်း-နေ ဦး-ခက်ရက်၏ သား ကျော်သိန်း-တို့အား ကျိုင်း-တုံရဲစခန်း-က မူးယစ်ဆေး-ဝါး ပထမသတင်း-ပေး တိုင်ချက်အမှတ် ၈၇/၂၀၀၃၊ မူးယစ်ဆေး-ဝါး-နှင့် စိတ်ကိုပြောင်း-လဲစေသောဆေး-ဝါး-များ-ဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေး-ယူဆောင်ရွက်လျက်ရှိသည်။

